www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မောင်ဖြည့်ဝ စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်

၅၀၁၅၇၈၀၂၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၀၇၈၀၁၁၂

ထုတ်ဝေသူ

ဒေါ်ခင်မာရီ(ပန်းဓဝဓဝစာပေ)

အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

ပုံနှိပ်ခြင်း

၂၀၁၁၊ ဒီဇင်ဘာလ။

အုပ်ရေ-၁၀၀၀၊ တန်ဖိုး-၂၀၀၀ကျပ်

CIP

ကြယ့်ရီလင်းစစ် ၈၉၅-၈၃

ကိုယ်ပွား၊ ရန်ကုန်။

ပန်းဓဝဓဝစာပေ၊ ၂၀၁၁။

၁၂၄-စာ၊ ၁၉ × ၁၃ စင်တီ။

ကိုယ်ပွား။

www.burmeseclassic.com

www.burmeseclassic.com



# ■ ကိုယ်ပွား



www.burmeseclassic.com

www.burmeseclassic.com



# Content

Story 1: ကိုယ်မှား -၁

Story 2: သူတို့ညီအစ်မတွေ

Story 3: ကိုယ်မှား-၂

Story 4: မမ ကျွန်တော့်ကို သတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပွား-၁

-ကြယ်ရိုလင်းစစ်

Story I

www.burmeseclassic.com

www.burmeseclassic.com



# Story 1

## ကိုယ်ပွား-၁

*ကိုယ်ကမဟုတ်ကြောင်း သက်သေပြနိုင်တာတောင်မှ မဟုတ်တာပြောတဲ့ ခပ်ပျော့ပျော့လျှာတွေကို ရိုက်မချိုးနိုင်ခဲ့ဘူး။*

*လျှာတွေဟာပျော့သလောက် လူတစ်ယောက်ရဲ့ဘဝကိုဆုံးဖြတ်နိုင်အောင်မာကြတာ ကိုယ်သိခဲ့ရတယ်။*

*မဇင်ဖြူ*



www.burmeseclassic.com

www.burmeseclassic.com



*ကိုယ့်ကိုကိုယ် ဘာလိုချင်မှန်း ဘယ်တုန်းကမှ မသိလို့။*

*လရောင်ငွေလင်း*



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာတွေ ထိပ်တိုက်တွေ့ပြန်တော့လည်း မလိုချင်တာတွေ ဖြစ်လာပြန်တယ်နော်။

ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



အတုဟာ…အစစ်ရဲ့ဖြစ်တည်မှုကို ဝေဝါးအောင်လုပ်ပစ်လိုက်ပြီ။

ပေဟာဒီက ချွတ်ယွင်းချက်တွေနဲ့ လူသားတစ်ယောက်ရဲ့သဘာဝဆန်မှုကို

သူက သဘာဝမဆန်စွာ နေရာယူပစ်လိုက်ပြီ…။

ခရစ္စတင်း (သို့မဟုတ်) မီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကကြည်ပြာရှိပါ"

ပိန်းညင်းငှက်လိုစူးရှသောအသံမျိုးကြောင့် သူမတို့ သုံးယောက်လုံးကြည့်လိုက်ရာညာဘက်ပါးပေါ်တွင် စံပယ်တင်မှဲ့တစ်လုံးဖြင့် အားလုံးကို ပြုံးကြည့်နေသည့် ညိုချောအားပြင်းသော မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရသည်။ နောက်ဆုံးစောင့်စားနေကြသည့် အဖွဲ့ဝင် ရောက်လာပြီမှန်း သူတို့သိလိုက်သည်။

"ဒီကလရောင်ငွေလင်းထင်တယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကြည်ပြာရှိ"

ကြည်ပြာနှင့် လရောင်ငွေလင်းက အွန်လိုင်းပေါ်တွင် ကြာရှည် Chat ခဲ့သူများ ဖြစ်ရာ ခင်မင်ရင်းစွဲဖြင့် ကြည်ပြာက ဦးစွာနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ယိုက်ခြင်း ဖြစ်နိုင်သည်။ သူတို့နှစ်ယောက်မှာ ခုမှမြင်ဖူးသော်လည်း မြန်မာဝတ်စုံချည်ထည်လေးကို အိန္ဒြေရရဝတ်ဆင်ထားသည့်လရောင်ကိုကြည်ပြာက လွယ်ကူစွာပင် ခွဲထုတ်နိုင်ပါသည်။ ကျန် မိန်းမပျိုနှစ်ဦးက တော့စိတ်နှင့်ကိုယ် မကာပ်ဟန်ဖြင့်ကြည်ပြာနှုတ်ဆက်သည်ကိုကြားဟန် ပင်မရှိချေ။ မိန်းမတွေများ ရုပ်ကြည့်လိုက်သည်နှင့် ကုသိုလ်ဖြစ် ခရီးလား အပျော်ခရီးလား အတော်ကွဲပြားသည်ဟု လရောင်ထင်လိုက်မိသည်။ အခုလည်းကြည့် ကျန်နှစ်ယောက်မျက်နှာက အတော်လေးစိတ် ဖိစီးဟန် ပေါ်နေသည်။

"ဒီကနှစ်ယောက်က မဇင်နဲ့ ခရစ္စတင်းပေါ့နော်"

ကြည်ပြာ့အမေးကြောင့် ခေါင်းငိုက်စိုက်နေသောဟိုနှစ်ယောက်၏ကိုယ်တွေမတ်သွားကြသည်။

"မီးကခရစ္စတင်းပါ"

ခရစ္စတင်းဟူသော အနောက်တိုင်းဆန်သည့် နာမည်နှင့် ကောင်မလေးကကွက်ကျား စကတ်တိုတိုကို ကျွဲကောကိုင်းမျက်မှန်နှင့် တွဲဖက်ဆင်ယင်ထားသည့်အတွက် ကိုရီးယားကားထဲက အထက်တန်းကျောင်းသူ ပုံစံမျိုးလေးနှင့် ဆင်တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာတကယ့်ကလေးလေးပဲ . နုနုလေးရယ်

လရောင်နှင့် ကြည်ပြာတို့လို နှစ်ဆယ်ကျော် နှစ်ဆယ့်ငါးနှစ် နှစ်ဝန်းကျင်တွေက ဒီလိုကုသိုလ်ဖြစ်ခရီးကို အချိန်ယူလာသည် ထားပါ။ ဒီကလေးမကတော့ တစ်စိတ်ထူးဆန်းသည်ဟု ထင်မိသည်။ သူမပုံစံနှင့် သူမလုပ်ရပ်က ဆန့်ကျင်ဘက်ပဲမဟုတ်လား။ အို သူများကငယ်ငယ် လေးနဲ့ ကုသိုလ် ရေးလုပ်နေတာကို ဒီလိုမဖြစ်သင့်ပါဘူးလေ။

လရောင်တို့တွေအားလုံးမှာနာမ်ချစ်သူများ ဟူသော အင်တာ နက်စာ မျက်နှာမှတဆင့် ခံစားချက်တူညီမှုကြောင့် ရင်းနှီးခဲ့ကာ ပုသိမ်ရှိ အရေးပေါ်အကူအညီလိုအပ်နေသော ဘုန်းတော်ကြီးကျောင်းကိုသွား ရောက် လှူဒါန်းရန်ရည်ရွယ်၍ ကုသိုလ်ဖြစ်ခရီးတစ်ခုသွားရန် ဆုံးဖြတ် ချက်ချပြီးနောက် ယခုကဲ့သို့ ဆုံဆည်းချိန်းဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်မ လရောင်ငွေလင်း ဆိုတာတော့ အားလုံးကို ပြောပြီးသားနော်"

လရောင်အလှည့်ပြီးနောက်မှာ ခုချိန်အထိ စကားတစ်လုံး တစ် လေမှ မဟာသေးသော သူထံသို့ အားလုံး အာရုံရောက်သွားကြသည်။

"ဆောရီးအစ်မကာမဖင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင် အမျိုးသမီးတစ်ဦးဖြစ်ပြီး လရောင်တို့ထဲတွင် အသက်အကြီးဆုံးသူ ဟုဆိုနိုင်သည်။ အသားညိုညို ခပ်ပြည့်ပြည့် ဒေါင်ကောင်းကောင်းဖြင့် သူ့ပုံစံကခေါင်းဆောင်တစ်ဦး ၏ ပြည့်ဝသောပညာအတွေ့အကြုံ မာန်နှင့်ဟန်တော့ရှိထားသည်။

လရောင်တို့ကခရစ္စတင်းအပေါ်တွင်ကြည့်သောအကြည့်ကိုသူက လရောင်တို့အပေါ်သို့ပြန်မိုးကြည့်လေသည်။ ထို့နောက်...

"ကဲလူစုံပြီဆိုတော့ သွားကြတာပေါ့"

မဇင်က သတိပေးသလိုပြောလိုက်တော့အားလုံးရင်ထဲ အေးခနဲ့ဖြစ်သွားသလိုပင်။ အေးလေ ဆုံးဖြတ်ထားကြသည်ဆိုသော်ငြား ကုသိုလ်ရေးလုပ်မှာတောင် မိဘတွေကိုလိမ်ညာ၍ ထွက်လာသည့် လေးယောက်လုံး၏ရင်ဘတ်က လိပ်ပြာသိပ်လုံလှသည်မှ မဟုတ်ဘဲ။

မဇင်၏အနက်ရောင်ကားထဲတွင် နေရာယူလိုက်ရင်း သူတို့အားလုံး ခရီးစထွက်ဖြစ်ခဲ့ပြီ။ သည်အနက်ရောင် Mark II ကားကမဇင်၏ပြည့်စုံကြွယ်ဝမှုကို တစွန်းတစ ဖော်လှစ်နေသလို သူလိုပြည့်စုံအောင်မြင်ကြွယ်ဝသည့်မိန်းမပျိုတစ်ဦး၏ လောကကြီးတွင်ဆက်လက်မနေထိုင် လို



www.burmeseclassic.com

www.burmeseclassic.com



တော့သည့် အကြောင်းပြချက်ကိုဒီကားထဲကလိုက်ပါလာသည့် မိန်းမတွေ သာမက လူတိုင်းသိချင်မှာပဲ ဖြစ်သည်။

ဟူး လူတိုင်းကတော့ သူ့အကြောင်းနဲ့ သူချည်းပါပဲလေ

လရောင်အတွေးစကိုလက်စသတ်ကာ ကားထဲရှိအခြေအနေကို အာရုံစိုက်လိုက်သည်။ ခရီးမိုင်အနည်းငယ်ပေါက်သည်အထိ ကားထဲတွင် တိတ်ဆိတ်မှုကသာ မင်းမူထားသည်။ ကိုယ်စီကိုယ်ငှာ နီးစပ်ရာပြတင်း ပေါက်များမှတဆင့် တရိပ်ရိပ်ကျန်ခဲ့သော ရှုခင်းများကိုသာ ငေးလျက် သာဖြင့် မဇင်က မောင်းသူထိုင်ခုံတွင်မို့ စကားမပြောနိုင်သည်ထား။ ကျန်သုံးယောက်ကတော့ နွေးနွေးထွေးထွေးစကားဆိုသင့်သည်ဟု လရောင် တွေးမိလေသည်။

တကယ်ဆို သူတို့ လေးယောက်လုံးသည် အသက်အရွယ်ရော အတွေ့အကြုံရော မတူညီခြားနားသည့် မိန်းမပျိုများဖြစ်သော်ငြား အွန်လိုင်းတွင် ကြာရှည်စကားပြောကြရင်းမိုင်းကြီးပတ်လည် ခင်မင်သွား သောအခါခင်မင်မှုတည်းဟူသော သံယောဇဉ်အရာတွင်မူ ထုထည်တူညီ ခဲ့ကြသည်။

သူတို့တွင် နောက်ထပ်တူညီသော နောက်ခံများရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရာကတော့ စည်းကမ်းတင်းကြပ်လွန်းသော မိသားစုများရှိခြင်းပါ

ဟူညီခြင်းဖြစ်သည်။

လရောင်တွင်ကား အသက်ငါးဆယ်ကျော် မုဆိုးမအမေဖြစ်သူ

တစ်ဦးတည်းသာရှိသော်ငြား ထိုအမေကိုပင် လက်တစ်လုံးခြားလှည့်ဖြား

၍ ဒီခရီးကို တစ်ပတ်ရိုက်ထွက်ခဲ့သည်။ မဟုတ်လို့ကတော့ အမေကည

အိပ်ညနေခရီးလွှတ်သူမဟုတ် တစ်ခါတစ်ရံတော့လည်း စည်းကမ်းဟူ

သော သံကွန်ချာကြီး ခုနစ်ထပ်မှ ဖောက်ထွက်ကာ ပျော်ပစ်လိုက်ချင်

သည်။ လရောင်သိသလောက်တော့ ဟိုသုံးယောက်၏ မိသားစုတွေ

လည်း စည်းကမ်းမိသားစုများသာဖြစ်၍ လရောင်လိုပင် ပျော်ရွှင်ခြင်းကို

မွတ်သိပ်နေဟန်တူသည်။ လရောင် အတွေးထဲ ဝေ့လည်နေဆဲမှာပင်

" ဟိုလေ မီးတို့လမ်းတလျှောက် စကားပြောသွားသင့်

တယ်မထင်ဘူးလား တစ်ယောက်နဲ့တစ်ယောက် အပြင်မှာမရင်းနှီးနိုင်

ဘူးလို့ တွေးမိတယ် "

စရေစ္စတင်းမလေးကတိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်။

ကိုယ့်အတွေးနှင့် ကိုယ်မြောနေသော လရောင်သည် ထိုအဆိုကိုတော့ လုံး

လုံးလျားလျား ထောက်ခံပါသည်။ လရောင်တောင် စိတ်ပျက်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနောက်ကြောင်းတွေကို စုပဲတွေးနေမိပြီ မဟုတ်ပါလား ခရစ္စတင်း၊ ကမဝံ့မရဲဖြင့် ...

"ဟိုလေ ဒီကအစ်မသုံးယောက်ရဲ့ ဒီခရီးထွက်ဖြစ်လာတဲ့ အကြောင်းကို သိခွင့်ရှိမလားဟင် နာမ်ချစ်သူများရဲ့ အဖွဲ့ဝင်အချင်းချင်း အတွေးအမြင်ဖလှယ်သင့်တယ်ထင်လို့ပါ"

"ဟား ဟား ဟား အတွေးအမြင်ဖလှယ်တာတွေ ဘာတွေ စကားလှအောင် လုပ်မနေပါနဲ့ ချာတိတ်မရယ် စကားပြောချင်ရင် ပြောချင်တယ်ပေါ့ ဟ ဟား ဟား မင်းပြောသလို ပွင့်ပွင့်လင်းလင်းပေါ့ ဟုတ်ဘူးလား ကလေးမ ဟ ဟား ဟား"

ကြည်ပြာ သူမဘေးရှိချာတိတ်မကိုကြည့်ရင်း အဆက်မပြတ် ဝါးလုံးကွဲရယ်ကာ တုန့်ပြန်ဆိုလိုက် ခြင်းဖြစ်သော်လည်း ချာတိတ်မဟု အခေါ်ခံလိုက်ရသော ခရစ္စတင်းလေး၏ မျက်စောင်းက ကြည်ပြာအပေါ်တွင် ဒိုင်းခနဲကျရောက်သွားလေသည်။ ကားမောင်းနေသော မဇင်က ခေါင်းကို တစ်ချက် ခါရမ်းလိုက်ပြီး ...

"ကလေးကို စမနေစမ်းပါနဲ့ ကြည်ပြာရယ် လရောင်နဲ့ ရှင့်ကိုနေရာချင်းလဲပစ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



နေပူဒါဏ်ခံရသော သူမဘေးနေရာဖြစ်သည့် လရောင်နေရာ ရှေ့ခန်းစုံကို မေးငေါ့ကာမေးလိုက်ခြင်းဖြစ်သည်။

"ဟဲ ဟဲ ကားပိုင်ရှင်ကလည်း ပါဝါမပြပါနဲ့ ပိတ်ဆိုပိတ် ပါ့မယ်"

ကြည်ပြာက သူမပုခုံးတစ်ဖက်ကို တစ်ချက်တွန့်ရင်း ရယ်ကျဲကျဲ ဆိုလိုက်သည်။သည်တော့မှ မဖင်က...

"ကိုယ်တို့အားလုံးက နာမ်ချစ်သူများကစပြီးသိခဲ့ကြ တာတစ်ယောက်နှင့် တစ်ယောက်ခံစားချက်ချင်းတူတဲ့လူတွေ စိတ်ဝင် စားတာခြင်းတူတဲ့လူတွေလို့ ပြောလို့ရတယ် ဒီတော့ခရစ္စတင်းလေး ပြောတာမှန်တယ်လို့ ကိုယ်ကတော့ထင်တယ် နောက်တာပြောင်တာ မဟုတ်ဘဲကိုယ်တို့တွေရဲ့ ခင်မင်မှုကိုအားလုံးက တန်ဖိုးထားပေးပါ လို့လည်းပြောချင်တယ် ဒီထဲမှာ ကိုယ်ကအသက်အကြီးဆုံးဖြစ်လို့ကိုယ် ဘာကြောင့် ဒီခရီးထွက်ခဲ့တယ်ဆိုတာ ပထမဆုံးပြောပြမယ် အားလုံး အိုကေလား"

ကြည်ပြာကတော့ ခရစ္စတင်း ကို ကလိလိုက်ရလို့ပဲလား မဖင်၏ စကား ကို သဘောကျလို့ပဲ လားမပြောတတ် ခွက်ထိုးခွက်လန်ရယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်က တော်ရုံနှင့်မရပ်..

ဒီအမျိုးသမီးဟာ သူမအလှကိုများ ရယ်မောခြင်းနဲ့ ထပ်တူချထား သလားမသိဘူး တော်တော် အရယ်သန်ပါပေရဲ့

"ကဲ ကိုယ်ပြောလို့ရပြီလား"

မဇင်ကထောက်လိုက်မှ ကြည်ပြာကမှင်သေသေ ပြန်ဖြစ်သွားတော့သည်။ မဇင်က...

"ကိုယ်က နာမည်ကြီး Company တစ်ခုရဲ့မန်နေဂျာဆိုပါတော့ ကိုယ့်မိဘတွေက အစထဲကပြည့်စုံသူတွေမို့လို့ ကိုယ့်ဘဝမှာအားလုံးပြည့်စုံခဲ့တယ် ကိုယ့်ကိုဝိုက်ဆင်းလာတဲ့ယောကျ်ားတွေကိုလည်း ခါချခဲ့တာချည်းပဲ ဒါပေမယ့်ကိုယ်အဲဒီလို ပြည့်စုံနေတာကြီးနဲ့ ဘယ်သူမှမထိနိုက်ဘဲမာနကြီးခဲ့တာကပဲ ကိုယ့်ဝန်းကျင်က လူတွေအတွက်အနှောင့်အယှက် ဖြစ်နေခဲ့တယ် ထင်ပါတယ်"

"မင်းတို့သိလား လူတိုင်းဟာ မွေးလာကထဲက သူတစ်ပါးအား မနာလိုမှုဆိုတဲ့ ဖွားဖက်တော်နဲ့ အတူနေထိုင်ခဲ့ကြတာ လူတွေဟာ အရမ်းတော်တာပဲလို့ ပါးစပ်ကနေသာ မုဒိတာပွားလိုက်ရပေမယ့် ရင်ထဲမှာတော့မနာလိုမှုဆိုတဲ့ ခါးသီးတဲ့ အဆိပ်ကမိနေတယ် အဲဒီစိတ် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်က အခွင့်အခါသင့်တာနဲ့ ဒုက္ခပေးဖို့စောင့်နေတော့တာပဲ ကိုယ်မန်နေဂျာအဖြစ် ရှန်းရှန်းတောက်နေတဲ့ကာလမှာ ကိုယ်နဲ့ရုပ်ရည်ရောနောက်ခံပါဆင်တူတဲ့မိန်းကလေးတစ်ဦးကို သူများတွေထက် ထူးထူးခြားခြားအခွင့်အရေးပေးပြီး စင်တင်ပေးခဲ့တယ် ကိုယ်တို့လောကအသုံးနဲ့ပြောရရင်ကိုယ် Bias လုပ်ခဲ့တယ်ပေါ့ကွာကိုယ့်နဲ့တူတဲ့လူဖြစ်လို့မျက်နှာလိုက်ခဲ့တယ်ပေါ့ သူရာထူးတက်ဖို့အရေး ကိုယ်နင်းချေပစ်လိုက်တဲ့လူတွေက သူ့ထက်ကိုယ့်ပေါ်ကိုပဲ မကျေနပ်စိတ်တွေသိုထားခဲ့တယ်ဆိုတာကိုလည်းကိုယ်သတိမထားမိခဲ့ဘူး ကိုယ်ဟာအလုပ်ကလွဲလို့ကိုယ်နဲ့ဆင်တူတဲ့လူကို ပျိုးထောင်ဖို့ကလွဲလို့ ဘာဆိုဘာမှမသိခဲ့ဘူးပဲ နောက်ဆုံးတော့ အားလုံးမျှော်လင့်တဲ့နေ့ကိုယ်မျှော်လင့်မထားတဲ့ နေ့ဟာရောက်လာခဲ့တယ် အဲဒီနေ့က ကိုယ်ရယ် သူရယ် Boss ရယ် ခရီးအတူထွက်ရတယ် အလုပ်ကိစ္စနဲ့ အားချင်းဖြစ်သွားလို့ ဘယ်သူကိုမှတောင်ပြောခွင့်မကြုံခဲ့ဘူး အဲဒီခရီးမှာကိုယ်နဲ့ Boss ငြိစွန်းလာတယ်လို့ သူဝါဒစဖြန့်တော့တာပဲ သူမရှိတုန်းဘယ်လိုပေါ့ကွာ လျှာဆိုတာအလေးလံဆုံးတန်ဖိုးအရှိဆုံးအရာတွေကိုအပေါ့ပါးဆုံး ပြောနိုင်တဲ့တော်တော်ကောင်းတဲ့အရာပဲဒီတော့ အုံ့သြဖွယ်ရာကောင်းလောက်အောင်ကို ကိုယ်နာမည်



www.burmeseclassic.com

www.burmeseclassic.com



စပျက်တယ် လူတွေကဒီလိုသတင်းမျိုးကြားချင်လွန်းလို့ နှစ်ရှည်လများထိုင်စောင့်နေကြသလိုပဲ ကိုယ်ကမဟုတ်ကြောင်း သက်သေပြနိုင်တာတောင်မှ မဟုတ်တာပြောတဲ့ ခပ်ပျော့ပျော့ လျှာတွေ ကိုရိုက်မချိုးနိုင်ခဲ့ဘူး လျှာတွေဟာ ပျော့သလောက် လူတစ်ယောက်ရဲ့ဘ၀ကို ဆုံးဖြတ်နိုင်အောင်မာကြတာ ကိုယ်သိခဲ့ရတယ် အရင်တုန်းကကိုယ့်အတွက် ဂုဏ်ယူခဲ့ကြတဲ့ ကိုယ့်အသိုင်းအဝန်းဟာ ကိုယ့်ကိုကြည့်ပြီး နှာခေါင်းရှုံ့လာကြတယ် အိုကုန်ကုန်ကွာမှန်ထဲက ကိုယ့်အရိပ်ကတောင် ကိုယ့်ကိုရွံရှာနေသလိုပဲ လူတွေဟာအလကားပဲ ကိုယ့်ဘက်က သေလောက်အောင်မှန်ပါစေဦး နောက်ဆုံးမှာတော့ သူတို့ယုံချင်တဲ့ အတိုင်းယုံပစ်လိုက်ကြတာပဲ နှစ်ရှည်လများစွာ အဲဒီလူတွေနဲ့ ချစ်ခင်ရင်းနှီးခဲ့တာတွေ အတူသွားလာခဲ့တာတွေ လေးနက်တဲ့ဆက်ဆံရေးဆိုတာတွေက လူတစ်ယောက်ရဲ့စံနှုန်းကိုတိုင်းတာချိန်လို အရေးပါတဲ့အချိန်မှာ ပျောက်ဆုံးသွားပြီး ဘာမဟုတ်တဲ့ကောင်မလေး တစ်ယောက်စကားနဲ့တင် ဇင်ဖြူတို့ ဘယ်လိုလူဆိုတာကို ဆုံးဖြတ်ခဲ့ကြတယ် ဟ ဟား လုပ်ခဲ့တဲ့ စွမ်းဆောင်မှုတွေဖြူစင်ခဲ့တဲ့ဂုဏ်တွေက တစ်ခုမှမှတ်ကျောက်မတင်နိုင်ဘဲ ကိုယ်မလုပ်ခဲ့တဲ့ အမှိုက်သတင်းတစ်ခုကသာကိုယ့် နာမည်ကို ဆေးစက်တင်စေခဲ့တယ် ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်ပုံများကတော့ Boss ကပါကိုယ့်ကိုအလုပ်ကထွက်ဖို့ဖိအား မပေးလာတာပဲ သူ့လေဒီက ပြဿနာရှာလို့တဲ့ကွာ ဟဟားရယ်ရတယ်နော် နားမလည်ဘူး လုံးဝကို နားမလည်တာ ဟား ဟား ဒါကြောင့် အဲ့ဒီဖြစ်ရပ် ကနေသဝန်တို၊ မနာလိုစိတ်ဆိုတဲ့ အကုသိုလ်စိတ်အကြောင်းကို စေ့စေ့ စပ်စပ်တွေးဖြစ်တယ် မင်းတို့သိလားကိုယ်မင်းတို့ကိုစတွေ့တဲ့စောစောက အချိန်တုန်းကတကယ် ခံစားရခက်တယ် မင်းတို့ကကိုယ်ထက် ငယ်ရွယ် ပျိုမြစ်လှပကြတယ်လေ။ ဒါကြောင့်အဲဒါကို မခံစားနိုင်လို့ ကိုယ်သိပ်စကား မပြောနိုင်ပဲ အားလုံးကို ကားပေါ်ပဲ တက်ခိုင်းခဲ့ တာ"

"ဟာ မမဇင်က ပွင့်လင်းလှချည်လား"

ခရစ္စတင်းက မျက်လုံးလေးပြူးကျယ်ရင်းဆိုသည်။ မဇင်ကမူ ကားကိုကျွမ်းကျင်စွာ ကိုင်တွယ်သည့်ကြားမှ အင်မတန် ပညာရှင်ဆန် သော အပြုံးမျိုးဖြင့် ခရစ္စတင်းသို့ ပြုံးသက်သက်ကြည့်သည်။ ပြီးမှ ..

"စိတ်ကြောင့် အမှားတွေ အမှန်တွေအားလုံးဖြစ်နေကြ တာ အဲဒီစိတ်ကို လိုက်ရင်းနဲ့ပဲ အဲဒါနဲ့ ဆက်စပ်နေတဲ့ နာမ်ပိုင်းဆိုင်ရာ ကိုပါ လေ့လာ ဖြစ်လာတယ် ဒါကြောင့်လည်း ညီမတို့နဲ့ ခင်ခဲ့ပြီးခုလိုခရီးထွက် ခဲ့ကြတာ မဟုတ်လား ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဘာဖြစ်သေးလည်းအပျိုကြီး"

ကြည်ပြာကထုံးစံအတိုင်း ဝင်နှောက်ခြင်းဖြစ်သည်။

"ကိုယ်ကိုတိုင်လည်း နာမ်လောကသား တစ်ဦးဆို တော့"

"ဟား ဟား ဟား"

ကျန်အပျိုသုံးယောက်၏ ရယ်သံများက ကားထဲတွင် ဝေစာသွား သည်။ မဖုင်ကတော့ သူ့ဝဇီအတိုင်း ပြုံးသက်သက်ပုံစံဖြင့်

"တကယ်ပြောတာပါ ကိုယ်မနေ့ကသေခဲ့တာ မင်းတို့နဲ့ အခွန်လိုင်းမှာချိန်းပြီး အင်တာနက်ဆိုင်ကအပြန်မှာ"

"မပြောနဲ့"

"ထားလိုက်လရောင် ပြောမယ်"

"ဩော် မဖုင်ကို ကားနဲ့တိုက်သွားတာ လရောင်မြင် လိုက်တယ် ဘာလို့လဲဆိုတော့ဟဲဟဲ အဲ့ဒီအချိန်မှာ လရောင်က မီးရထား လမ်းပေါ်မှာ ခေါင်းအုံးအိပ်နေတာ အဲ့ဒီအချိန်မှာ ရထားကြီးက ဂျိန်းဂျ လိန်း ဂျိန်းဂျလိန်းဆိုပြီး လိမ့်လာတဲ့အသံကြားလိုက်ရတယ်"

"ဟုတ်တယ်ဟုတ်တယ် အမတို့နှစ်ယောက်က အဲ့လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကို မီးမြင်တယ် မီးကအဲ့ဒီအချိန်မှာ ရထားခေါင်မိုးပေါ်ကနေ အလွတ်တမ်းခုန်နေတာ"

"ဟယ် ဒါဆိုကြည်ပြာကရော မိုးရွာတုန်းခေါင်းပေါ် ခေတ်ကြိုးပြုတ်ကျ"

"ဟား ဟား ဟား"

သူ့တို့ဟာသ သူတို့သဘောကျ၍ အူနှိပ်ရယ်နေကြသည်မှာ တော်ရုံနဲ့ မရပ် အခုတော့ညီအစ်မတွေလို ရင်းနှီးသွားခဲ့ပြီ အတန်ကြာ ရယ်မောပြီးမှ ...

"မီးတို့တွေ သွားလှူတာလည်း သွားလှူတာပေါ့ ဒါပေမယ့် ဒီလိုကြီးသွားရမှာ ပျင်းဖို့ကောင်းတယ် လမ်းမှာ"

ခရစ္စတင်းက စကားဆက်မပြောဘဲ ရပ်တန့်နေရာ မဇင်က

"ဟား ဟား ခရစ္စတင်းရဲ့စိတ်ကိုသိတယ်ချောင်းသာမှာ အရင်သွားကဲဖို့ ဆွယ်တာ မဟုတ်လား"

"ဝေးဟေးဟေး အမှန်ပဲ အမှန်ပဲ ထောက်ခံပါတယ်"

မိကြည်ပြာ၏ လက်ခုပ်သံဖြောင်းဖြောင်းထွက်လာသည်။ ဒါဆို အားလုံးသဘောတူတယ်နော် ဘာရယ်မဟုတ် တစ်နာရီ နှစ်နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



လေးကဲရှုံပါ အိုကေကြလား"

"အိုကေ"

လေးယောက်လုံး၏အပြောက ထပ်တူညီသွားကြသည်။

"ဒါနဲ့ ခရစ္စတင်းလေးကရော်ချစ်သူကြောင့်ဒီခရီးကို ထွက်ဖြစ်ခဲ့တာမဟုတ်လား"

မဖင်၏အပြောကြောင့် မျက်ဝန်းလေးဝိုင်းစက်ကာ ပါးစပ်လေးပါ "အို" ပုံသဏ္ဍာန်ဖြစ်သွားသော ခရစ္စတင်းကိုကြည့်ကာ ကြည်ပြာနှင့် လရောင်ပြုံးမိလိုက်ကြသည်။ ခရစ္စတင်းညို့မျက်နှာမှာ ချက်ချင်းဆိုသလို မှိုင်းညို့မှည်းမှောင် သွားကာ မျက်လွှာလေးခပ်ဝဲဝဲ ချသွား၏။ ထို့နောက်မှ တိုးလျှလျှအသံပါးလေးတစ်ခုက ကောင်မလေး၏လှပသောဖူးငုံနှုတ်ခမ်းလေးမှ ကျလာလေသည်။

"ဟုတ်ပါတယ် မီးချစ်သူက မီးကိုမေ့သွားခဲ့တယ် သူတင်မကပါဘူး မီးကိုချစ်တဲ့ မီးသိတဲ့သူတွေအားလုံးက မီးကိုမေ့သွားခဲ့ကြတာ စာမတော်တဲ့ကျောင်းပြေးတဲ့ မိဘစကားကို ဘယ်တော့မှ နားမထောင်တဲ့ လူဆိုးမလေးမီးကို သူတို့မေ့သွားခဲ့ကြတာ ကိုယ်ချစ်ရတဲ့လူတွေက ကိုယ့်ကိုမေ့ပစ်လိုက်တာဟာ ဘယ်လောက်နာကျင်ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



စရာ ကောင်းလဲဆိုတာ ဘယ်သူမှသိနိုင်မှာမဟုတ်ပါဘူး"

ထိုသို့ပြောပြီး မီး ကသက်ပြင်းတစ်ချက်ရှိုက်သည်။လောကကြီးကို စိတ်ပျက်နာကျင်ဟန်စွန်းထင်းနေသော အရိပ်တွေက ခရစ္စတင်း၏မျက်ဝန်း ထဲတွင် မိုးပြေးတွေလို တရိပ်ရိပ်ရွာချနေကြသည်။ ထို့နောက် သူမ က ယိုင်လဲပြိုကွဲနေသော မျက်ဝန်းကို တချက်အားတင်းလိုက်ပြီး

"ဒါပေမဲ့ချစ်သူတစ်ယောက်ထဲကြောင့်တော့ မီးသည်လို ဆုံးဖြတ်ခဲ့တာမဟုတ်ပါဘူး သူ့ကြောင့်ချည်းလို့မီးပြောရင်ဘယ်တရားပွဲမလဲလေ သူ့ကြောင့်မဟုတ်ဘူးလို့ပြောပြန်ရင်လည်းမီးညာရာကျမယ် ဒါကြောင့် သူကြောင့်ဟု အနည်းငယ် ခေါင်းစဉ်တပ်နိုင်သော ဆုံး ဖြတ်မှုပါလို့ "

"ဟ ဟား လရောင်ရေ ကလေးမက လူသာငယ်တာဒိုင်ကအလန်းဟ"

ကြည်ပြာ၏နောက်တောက်တောက် အပြောကို ခရစ္စတင်းက မရှိပြုံး လေးဖြင့်ကာပြန်ရင်း သူ့ဇာတ်လမ်းကို ဆက်၏။

"မီးက US မှာပဲမွေးပြီး ဟိုမှာပဲ ကြီးခဲ့တာပါ မီးရဲ့မိဘတွေက မြန်မာလူမျိုးတွေထဲက ရှားရှားပါးပါးလို့ပြောနိုင်တဲ့ သိပ္ပံပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့ ဒါပေမယ့်အစ်မတို့တစ်ခုယုံမှာလားမသိဘူး အဲ့ဒီနိုင်ငံမှာသိပ္ပံဘယ်လောက်ထွန်းကားတယ်ဆို သူတို့စမ်းသပ်သမျှဟာ နာမ်ပိုင်းဆိုင်ရာကို ရည်ရွယ်တာများတယ် တစ်နေ့တော့ မေနဲ့ဖေဟာထူးခြားတဲ့ မျိုးရိုးဗီဇတစ်ခုကိုဂြိုလ်တစ်ခုပေါ်ကရခဲ့ပြီး အိမ်ကိုလျှို့ဝှက်သယ်လာခဲ့ကြတယ် အဲ့ဒီဗီဇကို ဓါတ်ခွဲခန်းထဲမှာ စိတ်ကြိုက်ပြုပြင်ပြီးတဲ့ နောက်တနေ့မှာတော့ မီးဟာ ထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်နဲ့ စတင်ရင်ဆိုင်ရတော့တာပဲ"

ကားထဲတွင် အသက်ရှူသံပင် မကြားရလောက်အောင် စိတ်လှုပ်ရှားမှုများ စွာဖြင့် နားထောင်နေကြသည်။

"တစ်နေ့မီး ကျောင်းကပြန်လာတော့ မီးအိပ်ခန်းထဲမှာ မိန်းကလေးတစ်ယောက်ရောက်နေခဲ့တယ် ဘုရားရေ အဲ့ဒီကောင်မလေးဟာလေ မီးနဲ့ ချွတ်စွပ်ကိုတူတာ ဘယ်လောက်တောင်တူသလဲ ဆိုရင် လက်ဗွေရာအဆုံး မျိုးရိုးဗီဇအထိပဲ သူ့ကိုအမေတို့က မီးညီမလေးအဖြစ် လက်ဆောင်ပေးခဲ့တယ် ဒါပေမယ့်အမှန်တကယ်ကျ မီးကသာသူ့အတွက်လက်ဆောင်ဖြစ်နေမှန်း နောက်ပိုင်းမှ သိခဲ့ရတာပါ။သူဝင်စွပ်နိုင်မယ့်ဘဝတစ်ခုကို လွယ်လွယ်ပေးနိုင်မယ့် မီးလိုခပ်ပျင်းပျင်းလူစားမျိုးဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်ကံကောင်းခြင်းပဲလေ မီးကျောင်းမတက်ချင်ရင်သူက ကိုယ်စားတက်ပေးတယ် မီးကျူရှင်မသွားချင်ရင် သူသွားပေးတယ် မီး ဘတ်စ်ကတ်ဘောမကစားချင်ရင် သူသွားကစားပေးတယ် သူသွားတဲ့နေရာတိုင်းမှာလည်း Top ချည်းပါပဲ ဒီတော့ ကျူရှင်မှာ ကျောင်းမှာအားကစားမှာလည်း မီးနာမည်ပေါ် ပြူလာဖြစ်လာခဲ့တယ် အဲ့ဒါကိုအစပိုင်းက သဘောကျခဲ့ပေမယ့်တဖြည်းဖြည်းနဲ့ မီးဟာသူ့ကိုနောက်ကောက်ကျလာတယ် တခါတရံမီးကျောင်းသွားချင်တဲ့နေ့မှာတောင် သူကတားမြစ်လာခဲ့တယ် ဒီနေ့ဘတ်စ်ကတ်ဘောပြိုင်ပွဲရှိတာ နင်နိုင်နိုင်လို့လား ဒီနေ့စာမေးပွဲရှိတယ် နင်ဖြေနိုင်လို့လား စတဲ့စကားတွေနဲ့ပေါ့ နောက်ဆုံးမီးရည်းစားကိုကို့ကိုပါ သူက သွားတွေ့မယ်ဖြစ်လာတယ် မီးချစ်သူကလည်း အရာရာတော်တဲ့ ခရစ္စတင်းအတုရဲ့ပေါ် ပြူလာဖြစ်မှုမှာ ပျော်ဝင်နေသလိုပါပဲ ဒီလိုနဲ့တဖြည်းဖြည်းမီး ကျောင်းစာအုပ်တွေဟာ သူ့ကျောင်းစာအုပ်တွေ ဖြစ်လာတယ် မီးအဝတ်တွေဟာ သူ့အဝတ်တွေဖြစ်လာတယ် မီးမိဘ မီးချစ်သူဟာ သူ့မိဘ သူ့ချစ်သူဖြစ်သွားတယ် တစ်ညမှာမီးလန့်နိုးတော့ သူဟာ မီးအိပ်ယာဘေးမှာ ဓါးတစ်ချောင်းကိုင်လို့ရပ်နေပြီး မီးမျက်နှာကို ခါးခါးသီးသီး စိုက်ကြည့်နေတာတွေ့ခဲ့တယ် အဲ့ဒီကနေစပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမီး စကြောက် လာရတယ် သူက ခရစ္စတင်းဆိုတဲ့ လူတစ်ယောက်ရဲ့ ဘ၀ကိုလိုချင်လာသလိုပဲ မီးကိုဒီပတ်ဝန်းကျင်ကနေ ပျောက်ကွယ်သွားဖို့ ဖိအားပေးနေသလိုပဲ အမေတို့ကိုခရစ္စတင်းအတုဟာ ခရစ္စတင်းအစစ် ရဲ့ဘ၀အစစ်ကို လုယူနေကြောင်းပြောတော့လည်း အဖေနဲ့ အမေကတစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဟား တိုက်ရယ်ခဲ့ကြတယ် နောက်ဆုံးမှာ ကြိုတင်မျှော်လင့်ထားတဲ့ အတိုင်းပဲမီးချစ်တဲ့ အဲ့အားကိုးတဲ့ အသိုင်းအဝိုင်းဟာ တော်တဲ့ပြည့်စုံတဲ့ ခရစ္စတင်းကိုပဲ သိကြလက်ခံကြ တော့တယ် ကျောင်း ပြေးတတ်တဲ့ သင်္ချာမတွက်တတ်တဲ့ ရှိုင်းရှိုင်းစိုင်းစိုင်း ဆက်ဆံတက်တဲ့ခရစ္စတင်းအစစ်ကို သူတို့မေ့သွားကြပြီ ခရစ္စတင်း အတု က လူ့အသိုင်းအဝိုင်းရဲ့လက်ခုပ်သံ တဖြောင်းဖြောင်းရချိန်မှာ ဟောဒီက အစစ်က ကိုယ်ဘယ်လိုမှ မပြိုင်ဆိုင်နိုင်တဲ့ပြိုင်ဘက်ကိုကြောက်လန့်ရင်း ခုတင်ပေါ်မှာဝိုကြွေးရုံပဲ တတ်နိုင်လာတယ် ကိုယ်ကသူ့ကို အပြတ်ရှင်းနိုင် ပြီထားဦး သူလုပ်ပြသွားခဲ့တဲ့ အရည်အချင်းတွေကိုမှ လိုက်မလုပ်နိုင်တာ။ ချစ်သူအပါအဝင် ဘယ်သူကမှ ရွတ်ယွင်းချက်တွေရှိတဲ့ အရင်ကမီးကို သတိမရကြတော့ မလိုချင်ကြတော့ဘူး ပိုဆိုးတာကမီးဟာဘယ်သူ့ အတွက် ဘာဆိုဘာမှ မလုပ်ပေးနိုင်တော့တာပဲ မီးချစ်တဲ့ မုန်းတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ချစ်ခြင်းမုန်းခြင်းကိုလည်း သူကပဲလုပ်တဲ့အတွက် မီးမှာလုပ်စရာ မရှိတော့ဘူး စာလည်းကျက်စရာမလိုဘူး အလုပ်လည်း လုပ်စရာမလိုဘူး ချစ်ခြင်းမုန်းခြင်းလည်း လုပ်စရာမလိုဘူး ဒါဆိုမီးကဘာလုပ်ရမှာလဲ စားဖို့အိပ်ဖို့ သက်သက်အတွက် လူဖြစ်လာသလိုဖြစ် မနေဘူးလား သူ့ဆီကမီးလုပ်ရမယ့်စာတွေ မီးသွားရမယ့်နေရာတွေ မီးချစ်ရမယ့် လူတွေပြန်တောင်းခဲ့တယ်"

"မရခဲ့ပါဘူးသူကပြောတယ် သူကမီးဖြစ်သွားပြီတဲ့လူ တွေ အတွက်အရည်အသွေးရှိသူကသာအစစ်တဲ့ အဲ့ဒါဟုတ်လားဟင် မီးသိတာတော့ သူ သူ အတုဟာအစစ်ရဲ့ဖြစ်တည်မှုကိုဝေါးအောင်လုပ် ပစ်လိုက်ပြီ ဟောဒီက ချွတ်ယွင်းချက်တွေနဲ့ လူသားတစ်ယောက်ရဲ့ သဘာဝဆန်မှုကို သူကသဘာဝမဆန်စွာ နေရာယူပစ်လိုက်ပြီ မီးဘာ တတ်နိုင်ဦးမှာလဲ ခဏရှောင်ထွက်ပေးဖို့ပဲ ရှိတော့တယ်ကိုယ်ချစ်ရတဲ့ သူတွေအတွက်ပေးဆပ်ခြင်းရယူခြင်း ဘာမှမရှိဘဲလက်ရှိမှာလူပိုကြီးဖြစ် နေမှတော့ ဒီဘဝဒုက္ခရဲ့အဖြေကို အမြန်ရှာဖွေဖို့လိုအပ်တယ် သူဟာ ဖန်တီးထားတဲ့ အတုဖြစ်ပေမယ့် မီးတို့လိုပဲ နာမ်အစစ်ရှိသလား သူကိုပြန် အနိုင်ရဖို့သူ့စိတ်နဲ့သူ့နာမ်ကို နားလည်ဖို့အစ်မတို့နဲ့ခင်ခဲ့တဲ့ Group



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာမှာ ဝင်လေ့လာ ဖြစ်ခဲ့တာ အဲ့ဒီကနေတဆင့် အစ်မတို့ကိုမေးပြီး ခုလိုမိဘတွေကို ညာပြီး ခရီးထွက် ဖြစ်လာတာပဲလေ"

"ဟင်ဒါဆို US ကနေ ဒီအထိလာတာ မိဘတွေမသိဘူးဖုပျ"

မဖင်၏ အမေးကို မီးက ရယ်ကျဲကျဲဖြင့်...

"သူတို့မှာ မီးနောက်တစ်ယောက်ရှိနေတာပဲ အာပတ် လွတ်ပါတယ် ဟဲဟဲ"

ဟုဆို၏။

"ဒါကတော့ ဒီခရီးကို မီးဘာကြောင့် ထွက်လာခဲ့ရတယ် ဆိုတဲ့ အကြောင်းပဲ"

ခရေစွတင်းစကားဆုံးသည်နှင့် သူတို့အားလုံး၏ အသံတွေ ဆိတ် ငြိမ်သွား ပြန်သည်။

"ခရေစွတင်းပြောတာကို အကြွင်းမဲ့ ယုံပါတယ်"

တည်ငြိမ်သောလေသံတစ်ခု ထူးထူးခြားခြား ကြည်ပြာ့ဆီက ယုံကြည်သံ သူမကိုကြည့်လိုက်တော့ တစုံတရာကို နက်နက်နဲနဲ တွေးနေ သူလို ဆိတ်ဆိတ်နေနေသည်။ ခရေစွတင်းစကားက ယုတ္တိမတန် လှသော် လည်း ညီအစ်မများသဖွယ် ရင်းနှီးကြသော သည်လေးယောက်၏ ဆန္ဒထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပုံပြင်ပြောခြင်းပါ ပါဝင်လျှင် ထိုဆန္ဒကိုသူတို့အားလုံး တမေ့တမော လိုက်လျောပစ်လိုက်မှာပင် ဒီအခိုက်အတန့်လေးအတွက် ဘယ်လို ပဋိပက္ခမှသူတို့ကြားတွင် ရှိမည်မဟုတ်ပါ။

"ကဲ မီးအကြောင်းကတော့ ပြီးပြီ"

"လရောင်လို မိန်းကလေးမျိုးကရော ဘာကြောင့် ဒီလို ဆုံးဖြတ်တာလဲဟင်"

မီးကသူမဘေးရှိ ကြည်ပြာကို အစာမကျေသေးသူပီပီ အနေ အထိုင်အေးပုံရသည့် မြန်မာဆန်သူလေး လရောင်ကိုသာ မေးခွန်းထုတ် လိုက်ဟန်တူသည်။

"အစ်မကတော့ ရိုးစင်းလွန်းပါတယ် မီးရယ်"

"ကိုယ့်ကိုကိုယ် ဘာလိုချင်မှန်း ဘယ်တုန်းကမှမသိခဲ့ ဒါကြောင့် ဒီခရီးဘာလို့ ထွက်ခဲ့မှန်းလည်းမသိပါဘူး ဒါပေမယ့်အခုတော့ အစ်မ လုပ်ချင်တာ တစ်ခုရှိနေမှန်းသိနေတယ်"

"အဲဒါဘာမှန်းအစ်မလည်းမသိဘူးလေ"

"ဟာ"

ကျန် သုံးယောက်၏ လရောင်အပေါ် စိတ်ပျက်သွားသံ တခဲနက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခြင်းဖြစ်သည်။

လရောင်က ပြုံးစိစိဖြင့်

"အိုကေ အိုကေ ဒါပေမယ့် အစ်မအကြောင်းပြောပြနိုင်ပါတယ်"

"ပြောပြ ပြောပြ"

ဘယ်သူက ထောက်ခံလိုက်မှန်းတော့ မသိပါ။

"အစ်မ နာမ်ချစ်သူများကို ဝင်ဖြစ်ခဲ့တာ အကြောင်းရှိတယ် အစ်မမှာ ချစ်သူတစ်ယောက်ရှိတယ် သူကကတ်ပချီနိုသိပ်ကြိုက်တဲ့လူပေါ့ အဲဒီနေ့ ညနေ ငါးနာရီမှာ သူနဲ့ လရောင်တွေ့နေကျနေရာဖြစ်တဲ့ စိမ်းလန်းမှာချိန်းတယ် ငါးနာရီကျော်တဲ့အထိသူရောက်မလာလို့ အစ်မ အရမ်းစိတ်ဆိုးနေခဲ့တယ် အဲ့ဒီအချိန်မှာ အစ်မမြင်ကွင်းထဲ ဖြတ်ကနည်းဆို သူဝင်ချလာတယ် ထုံးစံအတိုင်းချွေးသံတရွှဲရွှဲနဲ့ ခွင့်လွှတ်နော်သဲလို့ ခပ်တိုးတိုးတောင်းပန်တယ် အဲ့ဒီလိုပြောလိုက်ချိန်မှာ သူ့မျက်လုံးတွေက ငိုနေသလိုပဲ သူ့မျက်နှာကိုလည်းကြည့်ရတာ အားမရသလို ပင်ပန်းသလိုဖြစ်လာတယ် ဒါကြောင့် ဘေးက စားပွဲထိုးလေးကိုကတ်ပချီနိုတစ်ခွက်လိုမှာပြီး ရှေ့လည်းပြန်ကြည့်လိုက်ရော သူမရှိတော့ဘူး စိတ်တွေဆိုးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာဝလေ နောက်ကျမှလည်းလာပြီး အရင်လည်းထားခဲ့ရက်တယ်ဆိုပြီး စိတ်အကြီးအကျယ်ဆိုးတာ ဒါပေမယ့် အဲ့ဒါဟာ စိတ်နာစရာဖြစ်မှန်း သူ့ဖုန်းကို ဒေါ်သတကြီးဆက်လိုက်တော့မှသိခဲ့ရတယ် သူငါးနာရီမထိုးခင် ငါးမိနစ်က သေသွားခဲ့ပြီတဲ့ သူ့ဖုန်းကိုင်တဲ့တစ်ယောက်က အဖြေပြန်ပေးတာ သူဟာလေးနာရီ ငါးဆယ့်ငါးမိနစ်ကထဲက နှလုံးရောဂါကြောင့် အသက်ဆုံးနှင့်ခဲ့ပြီ ဒါဆိုလရောင်ဆီလာပြီး ခွင့်လွှတ်ပါလို့ လူကြားထဲပြောခဲ့တဲ့ ပုံရိပ်က ဘယ်သူလဲ သူ့ဝိညာဉ်လား ဝိညာဉ်ဆိုတာ အဲဒီလို အကောင်အထည်လိုက် မြင်ရတာလား မြင်ရတာကလည်းလူကြားထဲမှာ"

ရှိုက်သံသဲ့သဲ့က ခပ်ပျပျ လွင့်ကျလာ၏။

မပြောဘဲနှင့် သိနှင့်ကြပြီ။ လရောင်ငွေဆင်းသည် ချစ်သူ၏နာမ် ပုံရိပ်ကြောင့် သူမတို့တတွေနှင့် ဆုံဆည်းခဲ့ခြင်းဖြစ်သည်။ စောစောလေးကတင် ပျော်ရွှင်ခဲ့ကြသည့် မိန်းမပျိုတစ်စုမှာ ယခုကျ သက်ပြင်းတွေ ပြိုင်တူ ချကြပြန်သည်။ ထိုအချိန် –

"ဂလောက်"

ကားကရုတ်တရက် မြောက်တက်သွားသည်။

"အောင်မယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွိ"

လေးယောက်လုံး သတိလက်လွှတ် ဟစ်အော်လိုက် ကြသည်။ ကားမှာမူကား မဇင်၏ပါးနပ်လှသော ထိန်းသိမ်းမှုကြောင့် အချိန်မီထိန်းလိုက်နိုင်ပါသည်။

"ဟူး တော်ပါသေးရဲ့"

လရောင်အခုမှ ဒုတိယအကြိမ်သက်ပြင်းချနိုင်တော့သည်။

"ကိုယ်ဆင်းကြည့်လိုက်ဦးမယ်"

မဇင်က ပြောပြောဆိုဆို ကားအောက်သို့ ဖျတ်ဖျတ်လတ်လတ် ဆင်းချသွားသည်။ ခေတ္တကြာလျှင် သူမက တစုံတခုကိုကောက်ယူ၍ လရောင်တို့ရှိရာသို့ ကားပြတင်းပေါက်မှ တဆင့်ပြသလိုက်သည်။

"ဒီမှာကြည့်"

ထိုအရာကားသေးသေးပါးချပ်ချပ် ပစ္စည်းလေးတစ်ခု

"ဟင်"

အားလုံးဟင်ခနဲ ဖြစ်သွားရသည်။

ကြည်ပြာကမူရုတ်တရက် ပျက်ယွင်းသွားသော သူမ၏မျက်နှာကိုစောစီးစွာပြန်လည်ဆယ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ ကိုယ်တို့တွေက တကယ်ပဲ မနေ့က သေခဲ့ကြတာလား မသိဘူးနော် အခုကူးတို့ခ တစ်မတ်ရပြီဆိုတော့"

မဇင်ကမူ သူမလက်ညှိုးနှင့် လက်မကြားရှိ တစ်မတ်စေ့ကို သူမစတိုင်ပန်ဘောအိတ်ထဲ ထိုးထည့်လိုက်ပြီး

"ဒါလေးတွေက ခုခေတ်မှာ ရှားနေပြီ ကံကောင်းစေတဲ့လပ်ကီး အဆောင်လေးတွေလည်း ဖြစ်နိုင်တာပဲ"

ဟုဆိုကာ မောင်းသူနေရာသို့ နဂိုအတိုင်း ဝင်ရောက်နေရာယူကာ ဂီယာထိုးလိုက်သည်။

မီးတဖြစ်လဲ ခရစ္စတင်းလေးမှာမူ ဆယ်ကျော်သက်ပီပီ စိတ်မသက်မသာဖြစ်မှုကို မထိန်းချုပ်နိုင်။

"တကယ်ဆို လေးစေ့လောက် ကောက်ရသင့်တာ အဲဒီတစ်စေ့က မီးအတွက်လား ဘယ်သူ့အတွက်လဲ မသိဘူး"

လရောင်မှာ ခရစ္စတင်းကို နှစ်သိမ့်ဟန်ဖြင့်ကြည့်လိုက်ပြီး

"ဪ မီးရယ် ဒီလေးယောက်လုံးကို တစ်စေ့ထဲနဲ့ ကူးနိုင်တာလည်း ဖြစ်နိုင်တာပဲလေ ခုတောင် အစ်မတို့က ဒီကားတစ်စီး ထဲမှာ တူတူ ရှိနေကြတာ မဟုတ်လား ဒါမှမဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



လရောင်က တစ်စုံတစ်ခုတွေးလက်စပုံစံမှ ဆက်ပြောရခက်ဟန်ဖြင့်တန့်နေရာ

"ဒါမှမဟုတ် ဘာဖြစ်လဲ"

ဟု ကြည်ပြာက အသက်ရှူမြန်မြန်ဖြင့် ဝင်မေးလိုက်သည်။

အဲဒီတော့မှ လရောင်က

"ဒါမှမဟုတ် ကိုယ်တို့တွေထဲက တစ်ယောက်က ဒီတစ်မတ်ကို လိုတာလား လို့မှာလားလို့"

သူတို့ လေးယောက်လုံး ဆိတ်ငြိမ်သွားကြပြန်ပြီ။

ခေတ္တကြာမှ လရောင်က သူ့ကြောင့် ဆိတ်ငြိမ်မှုကို သည်းမခံနိုင်ဟန်ဖြင့် -

"ကဲ ဒီတစ်ခါ ကြည်ပြာ ပြောရမယ့်အလှည့် ဟောဒီက မကြည်ပြာ ဘာကြောင့် ဒီခရီးထွက်ဖြစ်သလဲ ဆိုတာ ပြောပြပါ"

ကြည်ပြာက အစစအရာရာကြိုတင်ပြင်ဆင်ပြီးသည့်ပုံစံဖြင့်

"ငါကတော့နင့်နဲ့ ပြောင်းပြန်ပဲ လရောင် ငါကငါလိုချင်တာကိုအမြဲသိတယ် လိုချင်တာတွေရှိပြန် သိပြန်တော့လည်း မကောင်းပြန်ဘူးဟာ သေချင်ပြန်တာပဲလေ ဥပမာငါ့ကိုကြည့် ငါကမိဘမဲ့ စွန့်ပစ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရပြီး ဖေဖေဟာမှာ ကြီးလာတဲ့ကလေး ဒါကြောင့် ငါ့ဒူးငါ့ချွန်ရင်း ငါလိုချင်တဲ့ ပညာ ဉစ္စာအားလုံးရဖို့ ကြိုးစားခဲ့တယ် ဒါတွေရဖို့ ကြိုးစားတာ ငါငယ်ငယ် လေးကတည်းက လိုချင်တဲ့ မိသားစုဆိုတဲ့ အကြီးဆုံးပန်းတိုင်ကြောင့်ပါပဲ ဒီလိုနဲ့ ငါဟာအမျိုးသားလေးတစ်ယောက်နဲ့တွေ့တယ် အမျိုးသမီးတိုင်း လိုချင်တဲ့ Romantic ဆန်ဆန် အချစ်မျိုးနဲ့ချစ်ကြတယ် အဲ့ဒီအမျိုးသားနဲ့ ငါလိုချင်တဲ့မိသားစု ဘဝကြီးကို တည်ဆောက်မယ်လို့ ယုံကြည်တုန်းမှာပဲ ဘာမှန်းမသိတဲ့ တစ်ခုခုကိုတဖြည်းဖြည်း သဘောပေါက်လာခဲ့တယ် ငါနေမကောင်းတဲ့ ချိန်မှာ အနားမှာတောင် မရှိနိုင်အောင်ကို ကိုယ်တို့နီးဖို့ ကြိုးစားနေတာပါကွာလို့ ပြောတဲ့ချစ်သူ့စကားထဲက သူ့ဘဝရဲ့သူလိုချင်တဲ့ အနာဂတ်လှလှ တွေကိုမြင်တွေ့လာခဲ့တယ် သူလိုချင်တဲ့အနာဂတ်ထဲမှာ မိသားစုဆိုတဲ့ ခေါင်းစဉ်ကနောက်ဆုံးမှာပါ သေချာတာကတော့ ငါ့ကို လိုချင်လောက်အောင် သူကအဆင်သင့်မဖြစ်သေးဘူး သူကငါ့ကိုမလို ချင်သေးဘူး ငါကိုမယူနိုင်သေးဘူးတဲ့ ဒီလိုနဲ့ သူနဲ့ငါလမ်းခွဲခဲ့ရတယ် အဲ့ဒါ ကြောင့်ပြောတာ လိုချင်တာတွေ ထိပ်တိုက်တွေ့ ပြန်တော့လည်းမလို ချင်တာတွေ ဖြစ်လာတယ်လို့လေ "

လရောင်တို့သုံးယောက်လုံး ကြည်ပြာအတွက် စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။

"ဩော် ပျော်စရာခရီးမှာ ပြုံးပျော်လျှောင်ရယ် စနောက် နေနိုင်သောမိန်းမတစ်ယောက်၏ရင်ထဲမှာလည်း ဒီလိုအရှုံးတွေ စတေးပြီးသားကိုး"

ဟုလရောင်တို့တွေသဘောပေါက်လိုက်ကြသည်။ ကြည်ပြာက ဆက်လက်ပြီး...

"ငါဟာဘဝတစ်လျှောက် အမျှော်လင့်ကြီး မျှော်လင့်ထားတဲ့ ရည်မှန်းချက်ချိုးဖျက်ခံရမှုနဲ့ လတော်တော်ကြာတဲ့အထိမှောင်မဲနေတဲ့ အခန်းကျဉ်းလေးထဲမှာ မစားမသောက်ပဲ စိတ်ဓာတ်ကျ ပိန်ချုံးနေခဲ့တယ် တစ်နေ့တော့မှန်ရှေ့မှာ တစ်ယောက်ထဲစကားတွေ ပြောမိနေတုန်းမှန်ထဲက ကိုယ့်အရိပ်က ကိုယ့်ကိုစကားပြန်ပြောတာကို ထူးထူးဆန်းဆန်း ကြုံလိုက်ရတယ် ဩော်ဒါနဲ့ရှေ့ကနစ်ယောက်စကားပြောနေတုန်းက လုံးဝယုံကြည်ခဲ့တာက ငါ့အဖြစ်နဲ့တူလို့ပါ လောကကြီးမှာ ရှင်းပြလို့မရတဲ့ ပြောပြရင်ယုံမှာမဟုတ်တဲ့ ဖြစ်ရပ်တွေက သဘာဝလွန်အဖြစ်အမြဲတမ်းရှိနေမှာပဲလေ ဒါပေမဲ့ကြည်ပြာ အခုပြောမယ့်ဟာကိုတော့ ရှင်တို့တွေ ယုံချင်မှ ယုံမှာ "



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာက ပြောလက်စ စကားကို ဆက်ပြောသင့်မပြောသင့် ချိန်ဆနေဟန်တူသည်။

"ဆက်ပါဦးကြည်ပြာရဲ့ကျွန်မတို့ရှင့်ကိုယုံပါတယ်"

မဇင်က ကလေးလေးတစ်ယောက်ကို ချော့မော့ဟန်ဖြင့်ဆို လိုက်လျှင်

"အင်း အဲ့ဒီမှန်ထဲကအရိပ်ကပြောတယ် ငါဟာမင်းရဲ့ နောက်တစ်ယောက်တဲ့ ဒီကမ္ဘာလောကမှာ မင်းရဲ့တစ်ဦးတည်းသော ကိုယ်ခွဲကိုယ်ပွား မင်းမသိသေးတဲ့ မင်းအကြောင်းအလုံးစုံသိတဲ့ မင်း နောက်တစ်ယောက်တဲ့ ငါတို့နှစ်ယောက် အတူနေရမယ့်အချိန် ရောက် လာပြီ ငါ့နေရာကိုမင်းလာခဲ့ပါတော့လို့ခေါ်တယ်"

"ဗုဒ္ဓေါ ဒါနဲ့ပဲ မကြည်ပြာက သူခေါ်တဲ့နေရာလိုက်ဖို့ ဒီစရီးကိုထွက်လာခဲ့တယ်ပေါ့"

မီးကထိတ်လန့်တကြား ရေရွတ်သလောက် ကြည်ပြာကတော့ ပြုံးတုံ့တုံ့ပင်..

"မီးယုံမလားတော့မသိဘူး ခုလိုကိုယ်ဝိညာဉ်နဲ့တွေ့ဆုံ ရတာဟာ ဘယ်လောက်ဘဝင်ကျစရာကောင်းလဲဆိုတာ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့တွေနဲ့ အွန်လိုင်းပေါ်မှ စတွေ့ခဲ့တာပေါ့ ဒီဝါသနာတူသူသုံး ယောက်နဲ့ တွေ့ပြီး ကြည်ပြာမသိသေးတဲ့ အကြောင်းအရာတွေကို ပိုသိ ရမယ်လို့ မျှော်လင့်တယ် ဒါကြောင့် ဒီခရီးထွက်ဖြစ်တာ"

ကြည်ပြာကသူ့အကြောင်းကို ရင်ဖွင့်လိုက်ရသည့်အတွက် ပေါ့ပါးသွားဟန်ရှိကာ ဆိုဖာကိုမှီရင်းမျက်လုံးများကိုမှေးစင်းလိုက်သည်။

သူတို့လေးယောက်မှာ ပုံမှန်မဟုတ်သော ဇာတ်လမ်းကိုယ်စီကို ရင်ဖွင့်ခဲ့ရသဖြင့် အတွေးပွားနေကြပြီးဖြစ်ရာ ကားထဲတွင် စကားသံများ ခေတ္တဆိတ်ငြိမ်သွားပြန်သည်။

"အောင်မလေး"

စိတ်ထဲက ဟစ်အော်လိုက်ခြင်းသာဖြစ်ပါသည် လရောင် ရင်တွေ လှပ်ခနဲ တုန်ရီသွားသည်။ လရောင်ကားမှန်ဘေး တွင်မြင်နေရသည်မှာ ကိုယ် တွေကိုဖြည်းညင်းစွာ ကျော်တက်နေသော Mark II ကားတစ်စီး။ ထူးခြားသည့်ကား ထိုကားမှာ လရောင်တို့ကားနှင့် အရောင်ရောပုံစံပါ ချွတ်စွပ်တူနေသည်။ အနက်ရောင် Mark II ယင်းကားထဲတွင် ကား မဖင်နောက်တစ်ယောက် မောင်းလျက် နောက်ထိုင်ခုံတွင်ပေါ်မူ ကြည်ပြာ နှင့် ခရစ္စတင်း တို့ ပါလာပြီး လရောင် နှင့်ချွတ်စွပ်တူသူတော့မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ဒီကားထဲက လူတွေနဲ့ ချတ်စွပ်တူနေတဲ့ လူတွေဟိုကားထဲရောက်နေကြတယ်"

လရောင်တစ်ကိုယ်တည်းကြားရုံသာ မင်သက်စွာရေရွတ်မိလေသည်။ ယင်းကားကိုဝေးနေတုန်းမှာပင် ကားက လရောင်တို့ကားကို ကျော်တက်လိုက်လေသည်။ ထိုအခါ အဆိုပါကားပေါ်မှ နောက်ထိုင်ခုံတွင်ပါလာသော ကြည်ပြာ နောက်တစ်ယောက်နှင့် လရောင်မှာ မျက်လုံးချင်းဆုံ မိသွားလေတော့သည်။တစ်ဖက် ကြည်ပြာက လရောင်အား ရူးရဲနက်ရှိုင်းစွာ စိုက်ကြည့်လိုက်လေသည်။ ပြီး . . . ထိုကားက လရောင်တို့ကား ကို လျှင်မြန်စွာ ကျော်တက်သွား ခဲ့သည်။

"ဘုရား ဘုရား ငါပဲမျက်စိမှောက်တာလား လမ်းပေါ်မှာပဲ သရဲ ခြောက်တာလား"

ရတ်ချည်းပင် နောက်သို့လှည့်ပြီး...

"ကြည်ပြာ ကြည်ပြာ နင်တွေ့လိုက်လားဟင် "

ကြည်ပြာက တစ်ချက်သန်းဝေလိုက်ကာ ...

"ဘာကိုလဲ"

"ငါတို့နဲ့ ချွတ်စွပ်တူတဲ့ကားတစ်စီး အဲဒီထဲမှာ နင်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချွတ်စွပ် တူတဲ့ လူတွေပါတယ် အဲ့ဒါ နင်မြင်လိုက်လား"

"လရောင်တော့ အိပ်ငိုက်နေပြီထင်တယ်"

မဖင်က ကားမောင်းရင်း ဝင်ထောက်လိုက်ခြင်းပင်ဖြစ်သည်။

"ကိုယ်လည်း ကားမောင်းနေတာပဲ မြင်ချင်းမြင် ကိုယ်လည်း မြင်ရမှာပေါ့ လရောင် ကိုယ်တို့အဖြစ်အပျက်တွေ နားထောင်ပြီး စိတ်စွဲလို့ အိပ်မက်မက်တာနေမှာပါ"

မဖင်က ဒီလိုပြောတော့ ကြည်ပြာက အိပ်မှုန်စုံဝါးဖြစ်နေသော ရုပ်မှ သူ့နဂိုအတိုင်း လျှောင်ထေ့ထေ့ ပြုံးစိစိပြန်ဖြစ်သွားကာ ရယ်ကျဲကျဲ ရုပ်ဖြင့် လရောင်အားကြည့်လေသည်။မီးဇာတော့ တကယ်ပဲ အိပ်နေသလား အိပ်ချင်ဟန်ပဲဆောင်နေသလား မပြောတတ် မျက်လုံးများကို ခပ်တင်းတင်းမှိတ်ထားသည်။ စိတ်ထဲက ဘဝင်မကျသော်ငြား အများနှင့် တစ်ယောက်မို့ လရောင်မငြင်းချင်တော့ ။

"ငါသေချာမြင်လိုက်တာ ကြည်ပြာရ"

ကြည်ပြာကိုတော့ တိုင်တည်မိသယောင်လေးဆိုလိုက်မိသေးသည်။

"တော်တော့ ဒေါ်လရောင် ထာဝရ အိပ်စက်သွားနိုင်ယ်



www.burmeseclassic.com

www.burmeseclassic.com



အဟုတ္တု အခုထဲကကောင်းကောင်းအိပ်တတ်ဖို့ နင်လေ့ကျင့်ထား သင့်တယ်"

"ဘာဖြစ်ပြန်ပြီလဲ ဒေါ်လရောင်"

မဖင်က ပြုံးစိစိဖြင့်မေးသည်။

"ဟူး"

လရောင်သက်ပြင်းကို အခုမှ ချနိုင်၏။ ဘာလို့များ ဒီကားထဲက လူတွေ နဲ့ ရွှတ်စွပ်တူတဲ့လူတွေကို မြင်ရတာလဲ။ ဘာလို့များ မှန်ထဲမှာ ပုံရိပ်တွေက ပျောက်ကုန်တာလဲ။ ထိုစဉ်...

"ကလစ် ကလစ် ကလောက် ဂစ်ဂစ်"

"ကားကတော့ ဖောက်ပြီး ဆီထည့်မယ် ဆင်းကြဟေ့"

မဖင်ကအားလုံးကို ဟစ်အော်နိူးလိုက်ပြီး ကားကို လမ်းဘေး ထိုးရပ်လိုက်သည်။ ထူးဆန်းသည်ကား သူရပ်သောနေရာတွင် အနည်း ငယ်ကျယ်သည့် ရေကန်ကြီး တစ်ခုရှိနေခြင်းဖြစ်သည်။ ဤအရပ် ဤနေ ရာမျိုးတွင် သည်လိုရေကန်ရှိသည်မှာ ထူးဆန်းလေစွဟု လရောင် တွေး မိလိုက်သည်။မဖင်နှင့်ကြည်ပြာက ဆီတိုင်ကီနားတွင် ဓာတ်ဆီတစ်ပုံးနှင့် ကျန်ခဲ့ကြပြီး မီးနှင့် လရောင်မှာမူ ပျင်းပျင်းရှိသည်နှင့် ခပ်လှမ်းလှမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်လာကြရာ လမ်းခုလတ်တွင် ခရစ္စတင်းက

"မမလရောင် တခုသတိထားမိလားဟင်"

"ဘာကိုလဲမီး"

မေးလိုက်ရသော်လည်း မီး၏ ဖွေးဖွေးဆုတ်နေသော မျက်နှာကို ကြည့်ကာ မေးရမည်ကိုပင် မဝံ့မရဲ ဖြစ်သွားမိ၏။

ထို့ကြောင့် မီးကို မေးမနေတော့ပဲ လမ်းခုလတ်တွင် ဖြစ်ပေါ်ခဲ့သောအကြောင်းတရားကိုသေချာစေရန်စလင်းဘတ်ထဲမှ ကရင်းပတ်ဖိဘူးလေးကို ထုတ်၍ မှန်ဗိုင်းလေးမှာတဆင့် မဖင်တို့ရှိရာ နောက်သို့ ကြည့်လိုက်ရာ။

ဘယ်သူမှမရှိ။ သေချာပါပြီ ။

လရောင်မှန်ဗိုင်းလေးကို ချလိုက်လျှင် စောစောက ခပ်ဝေးဝေးရှိခဲ့သော မဖင်နှင့် ကြည်ပြာသည် လရောင်ဘေးသို့ ဝုန်းကနဲ ရောက်လာသည်။

"ကြည့်မနေပါနဲ့ လရောင် အဲ့ဒီမှန်ထဲမှာဆိုရင် ဒို့တွေကို မြင်ရမှာ မဟုတ်ပါဘူး"

လရောင်မှာ လက်ထဲမှ မှန်ဗိုင်းလေးကို ထိတ်လန့်တုန်လှုပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ချပြီး ခရစ္စတင်းမှာမှ နောက်သို့ပင်တစ်ချက် လည်ပြန်မကြည့်ပဲ ပြေးချေပြီ။ မဖင်နှင့်ကြည့်ပြာသည် လရောင်ကိုညွှပ်ပူး ညှပ်ပိတ်ကာဆီး ထားလိုက်ကြရာ လရောင်တစ်ယောက်မှာ အသကုန်အော်ဟစ်ရင်း တိုးထွက်ပြေးလေသည်။

ဘယ်အရပ်ကို ဦးတည်ပြေးနေမှန်းလည်းမသိ။ အနောက်မှ လိုက်လာသော အမျိုးသမီးနှစ်ယောက်မှာမူ ချွေးတစ်စက်မျှ ထွက်ဟန် မရှိဘဲ လရောင်သို့ မှီလာလေသည်။ ဘုရားရေ သူတို့တွေလက်က လွတ် အောင်ပြေးရမည်။

"ဟောဟဲဟောဟဲ"

လရောင် အမောဆို့နေချေပြီ ထိုအချိန်မှာ သူမရှေ့တွင်ကား တစ်စီးကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ကားဆီသို့ တရကြမ်းပြေး ဝင်သွားရာ

"ဟင် အို ဟယ် "

လရောင်၏ အာမေဋိတ်သံနှင့် ကားထဲရှိမိန်းမပျို သုံးယောက်၏ အာမေဋိတ်သံများ ရိုက်ခတ်သွားခြင်းဖြစ်သည်။

လရောင်ရှေ့ကကားမှာ အနက်ရောင် MARK II ကားထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မဇင် ကြည်ပြာ နှင့် ခရစ္စတင်း ထိုမိန်းမပျိုသုံးဦးကလည်း တောကြီး မျက်မည်းထဲမှာ ထွက်လာသော လရောင်အားတအံ့တသြ ကြည့်နေကြ လေသည်။ ဒါဆို လရောင်နောက်က စောစောကလိုက်လာသည့် မဇင်နှင့် ကြည်ပြာကရော

"အားငါရှုံးသွားပြီလား"

လရောင်တစ်ယောက် ခေါင်းကိုကျစ်ကျစ်ပါအောင် 'ကိုင်ရင်း ချာချာလည်မူးနေပြီ။ စောစောလေးကတင်တွေ့ခဲ့သည့် မိန်းမပျိုသုံး ယောက်က အစစ်လား။ အခုမိန်းမပျိုသုံးယောက်က အစစ်လား။ ဘယ်သူ တွေက အစစ်လဲ ဘယ်သူတွေက အတုလဲ။

"ဘာအကူအညီလိုလို့လဲ ညီမလေး အစ်မတို့လည်း ခဏနားနေကြတာ"

ဟုမဇင်က ဦးစွာပြောလိုက်ရာ လရောင်သည် မဇင်မျက်နှာကို သတိလက်လွှတ် အငေးကြီးငေးနေမိတော့သည်။ ပြီးတော့ မဇင်ရှေ့ရှိ ကားနောက်ကြည့်မှန်လေးဆီ လရောင်ကြည့်လိုက်လျှင် ကားထဲရှိ မိန်းမပျိုသုံးယောက်၏ ပုံရိပ်ကို ပြတ်သားစွာတွေ့လိုက်ရ၏။ ဒါဆို လရောင်က လရောင်က



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှအံ့သြသင့်ပြီးနောက် လရောင်သည် အဖြစ်အပျက်အလုံးစုံကို ရှင်းလင်းစွာ သဘောပေါက် နားလည်သွားခဲ့ပြီဖြစ်သည်။

"ကျွန်မက လရောင်ငွေလင်းပါ "

"ဟာ ဆယ်နာရီတုန်းက ချိန်းပြီးမလာခဲ့တဲ့တစ်ယောက်ပေါ့"

မဇင်က တုန့်ပြန်ဆိုသည်။

"ဟုတ်ပါတယ် "

"တို့ မင်းကို စောင့်တယ် မလာတာနဲ့ ထွက်ခဲ့ကြတာ "

"အဲ့ဒါလည်း ကျွန်မသိပါတယ် "

လရောင်က အေးစက်စက်ပင် ပြန်လည်ဖြေကြားလိုက်သည်။

"လရောင်ကို ကြည်ပြာမြင်ဖူးသလိုပဲနော် "

လရောင်က ကြည်ပြာမရယ်မီ ခပ်ဟာဟာရယ်လိုက်သည်။

"ဟင်းဟင်း လမ်းမှာ မြင်ဖူးတာ ဖြစ်ပါလိမ့်မယ် "

"သူကရော မီးလိုပြောတတ်တဲ့ ခရစ္စတင်းမဟုတ်လားဟင်"

ခရစ္စတင်းမျက်နှာလေးတွင် အံ့သြဟန် ဖြတ်သန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဒါ့ပြင် ရှင်တို့ အကြောင်းတွေလည်း အသေးစိတ် ထပ်သိသေးတယ် လွန်ခဲ့တဲ့ နှစ်နာရီတည်းက ရှင်တို့တွေရဲ့ နာမည်ရယ် လူရယ် ဖြစ်ရပ်တွေရယ်ကို အကုန်လုံးတွဲမိပြီးသားပါ"

"ပြီးတော့ သူတို့ကို လက်ခံပေးလိုက်ပါ အတုတွေဖြစ်လို့ အစစ်နေရာ နည်းနည်းလိုချင်လို့တဲ့ သူတို့ကို လက်ခံပေးလိုက်ပါနော် "

ကိုယ်ပွားကလုံးတဖြစ်လဲ လရောင်ကမူ တိုးသက်သက်ဆိုဆဲ။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# သူတို့ညီအစ်မတွေ

-ကြယ်ရီလင်းစစ်

**Story II**

www.burmeseclassic.com

www.burmeseclassic.com



# Story 2

## သူတို့ညီအစ်မတွေ

"မင်္ဂလာပါ ဆရာမ"

နဝမတန်း(က)ရှိ ကျောင်းသူလေးများ၏ ညီညီညာညာ နှုတ်ဆက်သံဖြင့် ပထမဆုံးစာသင်ချိန်ကို ကျက်သရေရှိစွာ ဖွင့်လှစ်လိုက်သည်။

"မင်္ဂလာပါ တပည့်တို့"

"ဆရာမကတော့ တပည့်တို့ကျောင်းကို အသစ်ရောက်လာတဲ့ သမိုင်းဆရာမ ဖြူနုယဉ်ဆင့်ပါ"

ပါးပြင်ပေါ်ရှိ ပါးချိုင့်လေးပေါ်အောင်ပြုံးရင်း ပြန်လည်နှုတ်ဆက်လိုက်သော ဆရာမလေး၏ အေးမြသော အပြုံးအားတပည့်များ အားလုံး ငေးခနဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီချာအသစ်က အရမ်းချောတာပဲဟယ်"

"ပါးချိုင့်ပါတော့ ပိုချောတာပေါ့ဟ"

"အောင်မလေး ပါးချိုင့်မပါလည်း ချောမှာပါဟယ် "

ကျောင်းသူလေးများ၏ ကျွတ်စီကျွတ်စီအသံများက အတန်းထဲတွင် ဝေတ်ရုံနှင့်မရပ်။

သည်ဆရာမလေးက ယခုနှစ်မှ မြို့လေး၏ တခုတည်းသော အထက်တန်းကျောင်းသို့ ပြောင်းရွှေ့လာသော သမိုင်းဆရာမအသစ်ဖြစ်ပြီးရောက်စကပင် ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၏ တခဲနက်ချစ်ခင်မှုရရှိအောင် မျက်နှာပွင့်လန်းခဲ့သူ ဖြစ်သည်။

နက်မှောင်နေသော ခုံးမျက်စ မျက်ခုံးကွေးကွေးအောက်တွင် လဲ့ရည်ရွှန်းစိုနေသော သမင်မျက်လုံးလေးများက ဆန့်ကျင်ဘက်လိင်များကိုသာမက အမျိုးသမီးထုကိုပါ နှစ်လိုခင်မင်မှုတမျိုး ထူးခြားစွာဖြစ်ပေါ်စေသည်။ ဤသို့ပြစ်မျိုးမဲ့မထင် လှပမှုများနှင့် ဖွဲ့သီထားသော ကဗျာတစ်ပုဒ်ပိုင်ရှင် ဆရာမလေး၏ နောက်ကွယ်တွင်ကား

✢ ✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com



ဖြူသည်မြင့်မားခန့်ထည်လှသောကျောင်းတော်ကြီး၏အုတ်တံတိုင်းများကို ငေးကြည့်နေရာမှ ပျော်ရွှင်စွာလှုပ်ရှား သွားလာနေသော ကျောင်းသူကျောင်းသားများဆီ ပြောင်းကြည့်လိုက်ရင်း တစ်ခုခုကို မလုံခြုံသလို ခံစားလိုက်မိသည်။

သြော်...ကိုယ့်ဝမ်းနာကိုယ်သာသိပါသည်။

ဖြူက အများအမြင်တွင် လှပ ကျက်သရေရှိသော ဆရာမလေး ဂုဏ်သိက္ခာရှိသော ဆရာမလေးအဖြစ် တင့်တယ်နေသော်လည်း သူတို့မမြင်နိုင်သော ကိုယ့်ဘဝတစ်စိတ်တစ်ပိုင်းမှာကျအကျည်းတန်ကြမ်းတမ်းလှသည်ကို ကိုယ်တိုင်သာသိပါသည်။

"ဒေါက်တာသီဟ ဟိုမှာ ဆရာမလေးဖြူ လာပြီဗျ"

"ရှူး မစပါနဲ့ဗျာ ကြားသွားပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန်လမ်းတွင် ခပ်လှမ်းလှမ်းမှ မသဲမကွဲ လွင့်စင်လာသော စကားလုံး အစွန်အဖျားများကို နားထောင်ရင်း ဖြူနွတ်ခမ်းတွေ တွန့်ကွေး အောင် ပြုံးလိုက်မိပါသည်။ အဲဒီ ဆရာဝန်လေးက ဖြူ့ကျောင်းပြန်ရာ လမ်း တွင် စောင့်နေတတ်ပြီး ဖြူ့အားအကြာကြီး ‘စိုက်ငေးကြည့်တတ်လေ သည်။

အမျိုးသားတွေအတွက်ကတော့ ဖြူ့လို ခပ်လှလှမိန်းမပျိုတစ်ဦး ၏ နောက်ကွယ်တွင် အကျည်းတန်မှုတွေ မြောက်မြောက်များများ ရှိလိမ့် မည် ဟု ထင်မိကြမည် မဟုတ်ချေ။

သူတို့အထင်တွေ တက်တက်စင်အောင် လွဲသည်ကို ပြချင်သည့် နေရာလေး တစ်နေရာ ဖြူ့တွင် ရှိပါသည်။

ထိုနေရာကိုသာ သူတို့မြင်သွားလျှင်တော့ သူတို့တွေ လက်ရှိမြင် နေရသော ဖြူ့၏အလှအပများကို ဘယ်သောအခါမှ တမ်းတတော့မည် မဟုတ်ကြောင်း ဖြူ ကောင်းကောင်းကြီး သိထားပါသည်။

**ကဲ… ဖြူ့ရဲ့ အကျည်းတန်မှုထဲ သွားလိုက်ကြရအောင်ပါ။**

**ဖြူ့ရဲ့ ထူးဆန်းသော အိမ်ကြီးဆီကိုလေ။**

✚ ✚ ✚ ✚



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းနှင့် အတော်ကြီးကို အလှမ်းကွာသော မြို့စွန်ရှိ ပျဉ်ထောင်အိမ်ကြီးတစ်လုံးတွင် ဖြူတို့ နေထိုင်ပါသည်။

ဩော် ဖြူတို့ဆိုလို့ ဟုတ်တယ်

ဖြူ့မှာ အစ်မတစ်ယောက်ရှိတယ် သူက သူက

"ဂျူး ဂျူး"

ဟော သူ ဗိုက်ဆာနေပြီထင်တယ်။

ဖြူသည် ရေခဲသေတ္တာကို ဖွင့်ပြီး အထဲတွင် အအေးခံထားသော ကျိုးကန်းအသေကောင်ကို ယူလိုက်သည်။ ပြီး သူ့ရှိရာ စတိုခန်းဆီ စိတ်လေးလံစွာ လျှောက်လာခဲ့သည်။ စတိုခန်းတံခါးကို အားနေသော ကျန်လက်တစ်ဖက်ဖြင့် ဖွင့်လိုက်ပြီး လေးလံလွန်းသော အသေကောင်



www.burmeseclassic.com

www.burmeseclassic.com



အား တံခါးဝတွင် ဘုတ်ခနဲ့ ပစ်ချလိုက်ရာ

စတိုခန်း၏ အမှောင်ဆုံးအပိုင်းမှ သတ္တဝါတစ်ကောင်က ဖြူရှိရာ တံခါးဝဆီသို့ ပက်ကျိတစ်ကောင်ကဲ့သို့ စေးထန်းစွာ တရွေ့ရွေ့ ရွေ့လျား လာပြီး ဖြူ့ခြေရင်းတွင်ကျနေသော ကျီးကန်း၏ကို လေးလေးကန်ကန် ဖြင့်ပင် လှမ်းယူလိုက်လေသည်။

"ဂျလွတ် ရှလွတ် ရှလွတ်"

လက်ထဲမှ ကျီးကန်းကိုဂုတ်ချိုးချလိုက်ပြီး အသေသားစားနေ သောထိုသတ္တဝါက ဖြူ့မျက်နှာဆီ မော်ကြည့်လိုက်သော် ဖြူ့မှာ ကြက်သီး တို့ ဖြန်းခနဲ့ ထသွားရသည်။

အရည်ပြားများ အဖတ်လိုက်ကွာကျနေကာ အရည်များစိမ့်ထွက် နေသော မျက်နှာပျက်ကြီးတစ်ခုကို ဖြူ မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ မျက်လုံးကြီးနှစ်လုံးမှာ ဘေးမှ အရေပြားများ မရှိတော့သည့်အတွက် ပြူးကျယ်တွဲကျနေကြပြီး နှုတ်ခမ်းမရှိဘဲ ခေါပြူထွက်နေသော သွားများ က နောက်ထပ် အစာလိုအပ်သေးကြောင်း တောင်းဆိုနေသလိုပင်။

အရည်တစ်မျိုး ရွှဲရွှဲစိုနေသည့် ကျိုးတိုးကျဲတဲ ဆံပင်တစ်မျှင် နှစ်မျှင်က ကတုံးသာသာ ဦးခေါင်းတွင် ရွဲ့ရှာဖွယ်ရာ ကောင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကပ်နေသေးသည်။

ဟုတ်ပါသည်။

ဒါက ဖြူ့ရဲ့ အစ်မအရင်း မြူတုယဉ်ဆင့် ပါပဲ။

ဖြူ့အား ချစ်ခင်သည်ဟုဆိုလာသော အမျိုးသားများအားလုံးကို ပြသချင်သည့် ဖြူ့ဘဝ၏ တစ်ခုတည်းသော အကျည်းတန်မှု။ သူမကဲ့ မြူပင် ဖြစ်သည်။

ဖြူနှင့်မြူသည် လူသားနှင့်တိရစ္ဆာန်ကဲ့သို့ သွင်ပြင်ခြင်းခြားနားသော်ငြား တစ်မအေ တစ်ဖအေထဲမှ မွေးဖွားခဲ့သည့် အမွှာညီအစ်မများ ဖြစ်ကြလေသည်။ မေမေမှာ ဖြူတို့ မျက်စိရှေ့တွင်ပင် ဖေဖေ တယုတယ မွေးမြူထားသော စပါးကြီးမြွေက အရှင်လတ်လတ် မြိုချသဖြင့် သေဆုံးခဲ့ရပြီး ညီအစ်မ နှစ်ယောက်လုံးမှာ အသက်ဆယ်နှစ် ကတည်းကပင် မိတဆိုးများ ဖြစ်ခဲ့ကြရသည်။ တစ်ဦးတည်းသော အုပ်မိုးစောင့်ရှောက်သူ ဖေဖေကလည်း သူမတို့ကို ချစ်ခင်ဖို့ထက် သူ့သုတေသနခန်း အတွင်းရှိ သတ္တဝါများကိုသာ ချစ်ခင်အလေးထားသူ ဖြစ်ရာ ထိုသတ္တဝါများကိုသာ တစိမ့်စိမ့်ကြည့်ရှုရင်း အချိန်ကုန်နေတတ်သော လူစားမျိုးဖြစ်သည်။ ဖြူတို့တစ်အိမ်လုံးတွင် ကျိုးကန်း လင်းနို့ ကြွက် မြွေစသောအပုပ်အအောက်



www.burmeseclassic.com

www.burmeseclassic.com



တား သတ္တဝါအမျိုးမျိုးကို လှောင်အိမ်များဖြင့် နေရာလွတ်မရှိ ဖမ်းမြှုတား မြှု၊ ထိုသတ္တဝါများစားသည့် အညစ်အကြေးအစာများကို သူမတို့ညီအစ်မ နှစ်ယောက်က တာဝန်ယူရန် ဖေဖေက အမိန့်ထုတ်ပြန်ထားခဲ့သည်။

သူတို့ညီအစ်မအတွက်မူ စားစရာထမင်း ဟင်းမရှိ၍ရေသောက် အိပ်စက်ခဲ့ရသောနေ့တွေ မနည်း။ အိပ်စက်ရာ မွေ့ရာကို ထိုအကောင် ပဖလာင်များက နေရာယူထားသဖြင့် အေးစက်စက် သမံသလင်းတွင် ကြိုးစားခွေအိပ်ခဲ့ရသည့် ညတွေမနည်း။ ညအိပ်ရာဝင်ခါနီးတိုင်း မိမိ အိပ်ရာပေါ်တွင် တစ်ကောင်ကောင်၏ ကိုက်ဖြတ်ခြင်း ခံထားရသော တိရစ္ဆာန်ခန္ဓာကိုယ် အစိတ်အပိုင်းနှင့် သွေးစွန်းသွေးကွက်များ မတွေ့မိ စေရန် သူတို့အတူဆုတောင်းခဲ့ကြရသည့် နေ့ညတွေမနည်း။ အစာကျွေး သည့်လက်ကိုကိုက်သတ်မြိုချတတ်သည့်အရိုင်းသတ္တဝါများကြားထဲတွင် မေမေ့လို အသေဆိုးဖြင့် ဘဝမဆုံးရန် ကြိတ်ဆုတောင်း ခဲ့ရသည့်ညတွေ မနည်း။ သို့သော် အသက်မသေ ခဲ့သည်မှလွဲ၍ သူတို့ ဆုတောင်း တွေက မပြည့်သည်သာ များခဲ့ပါသည်။သည်လိုနှင့် ငွေကလွဲ၍ ဘာမှမရှိသော ဘဝတစ်ခုတွင် ဖြူတို့ကွာခြားချက်မဲ့စွာ ကြီးပြင်းလာခဲ့ ရသည်။

တစ်ခုပဲရှိသည်။

www.burmeseclassic.com



ဖြူက ပြစ်မှိုးမဲ့မထင် ရုပ်ပုံလွှာရှိပြီး မြူက ဖြူ့အလှကို မမီချေ။ ဒါကလည်း ပြောပလောက်သည့် ကွာခြားချက်မျိုး မဟုတ်ပါ။ တကယ်တော့ ဆိုးဝါးသောရုပ်ဆိုသည်ကလည်း ဆိုးဝါးသောအကျင့်ကပင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။

ထိုတစ်နေ့သာ မရှိလျှင်တော့ ဖြူနှင့်မြူသည် ယခုလောက်ကြီး ကွာခြားသွားလိမ့်မည် မဟုတ်ချေ။

ဖြူတို့ မျက်စိရှေ့မှာအကူအကယ်မဲ့စွာ မေမေဆုံးပြီးသော နောက်တစ်နေ့။

အဲဒီနေ့က ဖြူတို့ ကျောင်းမတက်ချင်ခဲ့ပေ။ ဖေဖေ့ကို ခြေသလုံးဖက် တောင်းပန်ကြသော်လည်း ဖေဖေက ပြူးကြောင်ကြောင် မျက်ဝန်းများဖြင့် စိုက်ကြည့်ကာ တစ်ခွန်းထဲ ပြန်ပြောခဲ့သည်။

"နင်တို့တွေကျောင်းသွားမလား နင့်အမေ ဝိညာဉ်ပါ သွားတဲ့ ဟိုအကောင် ပါးစပ်ထဲ သွားမလား ဟ ဟား ဟား "

သည်တော့လည်း ဖြူတို့တွေ ကျောင်းတက်ခဲ့ကြရပါသည်၊ အဲဒီတုန်းက ဖြူတို့နှစ်ယောက်လုံးသည် အတန်းကြီးကျောင်း သူများ၏ စနောက်မှု လှောင်ပြောင်မှုများကို တိုင်တောစရာ လူမရှိသော ကလေး



www.burmeseclassic.com

www.burmeseclassic.com



ငယ်များပီပီ ကြိတ်မှိတ်သည်းခံကာ ခါးစည်းခံခဲ့ရသည်။ တိုင်ပင် ရင်ဖွင့်စရာဟူ၍ သည်ညီအစ်မနှစ်ယောက်သာရှိရာ တစ်ယောက်နှင့် တစ်ယောက် မှီတွယ်ရင်း အားကိုးခဲ့ကြရသည်။

ထိုနေ့က ဖြူ့အိမ်သာသို့ အသွားတွင် ဖြူ့အား အနိုင်ကျင့်လေ့ရှိသည့် အတန်းကြီးကျောင်းသူအုပ်စုနှင့် ဆုံဆည်းခဲ့ရသည်။ သူတို့ထဲက တစ်ယောက်က ဖြူ့လက်ထဲသို့ လှုပ်ရှားမှုမရှိသော ခိုတစ်ကောင် ထိုးထည့်ပေးလိုက်ပြီး…

"ဟော့ ဒီခိုက ဟိုခေါင်မိုးကကျလာတာ သူတို့ကပြောတယ် ဒီခိုကသရဲတဲ့ ချာတိတ်ရော ဘယ်လိုထင်လဲ သရဲဟုတ်မဟုတ် ငါတို့ သိချင်တယ် စားပြပါလား"

ဆိုပြီး အုပ်မိုးပြောလိုက်သော မျက်နှာကြီးက ဖြူ့တစ်ကိုယ်လုံးကို ချုပ်ကိုင် ထားသလိုပါပဲ။ သူတို့တွေဟာ ဖြူ့ထက်အရပ်ရော ကိုယ်ခန္ဓာရော အစစအရာရာမှာ သာလွန်ကြတယ်။ ပြီးတော့ သူတို့ကလေးယောက် ဖြူက တစ်ယောက်ထဲ။

ဖြူဘယ်လိုလုပ်ရမလဲ ဖြူ သူတို့ပြောတာကို မဆန့်ကျင်ရဲဘူး။ ဖြူ့လက်ထဲတွင် ဆန့်ငင်ဆန့်ငင် အသက်ငင်နေသော ခိုကလေး။ခိုဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသော ခပ်ပြင်းပြင်း အောင့်သက်သက် အနံ့က အော်ဂလီ ဆန်စရာပင်။ ဒါကို ပါးစပ်ထဲဘယ်လိုထည့်ရမလဲ။ တွေးရုံနှင့်ပင် တွန့်ခ တစ်ချက် ဖြစ်သွားသည်။

"ဟားဟားဟားခဏလေး သွားလေးတွေနဲ့ ထိရုံပါ ချာတိတ်မရဲ့"

သူတို့ထဲက တစ်ယောက်က ဝင်ပြောသည်။

သူတို့ရှေ့က မြန်မြန်ထွက်သွားချင်တယ်

စားလိုက်ရင် အေးသွားမှာလား ...

ဖြူ မျက်လုံးတွေကို စုံမှိတ်လိုက်ပြီး အသက်ရှူပါရပ်လိုက်သည်။ ဖြူ့လက်ထဲကအရာသည် ပါးစပ်ပေါက်နားရောက်နေပြီ ဆိုသည်ကို နှာခေါင်းသို့ တိုးကပ်လာသော ငှက်မွေးမှျင်များကြောင့် သိနေရသည်။ ဖြူဖြူ စားလိုက်ပါတော့မယ်

"မလုပ်နဲ့"

ဟင် ... မြူ့အသံ။ မြူ ... မြူ ... သူလာပြီ။

ဒါပေမယ့် သူလာတော့ရော သူက ဘာတတ်နိုင်မှာမို့လို့လဲ သည်အုပ်စုကို မြူ့အင်အားနဲ့ ဘယ်လိုမှ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်စား လုပ်ပေးလို့ မရဘူးလား"

မြူ့အသံ။ ဖြူတောင် မတွေးမိတဲ့အတွေး။

မလုပ်နဲ့ မလုပ်ပါနဲ့ မြူရယ်။ မစားပါနဲ့။

မြူလေ သူ့ ဖြူ့လက်ထဲက ခိုကို လုလိုက်ပြီး ရုတ်ချည်း ဆိုသလို ပါးစပ်ထဲ ပစ်သွင်းလိုက်သည်။

"ဂျလွှတ် ရှလွှတ် ရှလွှတ်"

ထို့နောက် ခိုခေါင်းကို တစ်လုတ်ထဲဖြင့် ဂျွတ်ဂျွတ်မြည်အောင် ဝါးစားပစ်သော မြူက သူမပါးစပ်ထဲရှိ စားကြွင်းစားကျန်များကို စိန်ပြေနပြေ လက်ဖြင့် ကလော်ရင်း တစ်ခွန်းထဲ ဆိုလိုက်သည်။

"ငါတော့ သိပ်ကြိုက်သွားပြီ"

"အား"

အတန်းကြီးကျောင်းသူ တစ်သိုက်ကား လိပ်ပြာလွင့်မတတ် ဟစ်အော်ရင်း ပြေးကြချေပြီ။

ပြီးမှ မြူက သွေးပျက်စွာကြည့်နေသော ဖြူ့အား ရှေ့တည့်တည့် ကြည့်ရင်း.....

"လူတွေကို မရှုံးချင်ရင် သူတို့မျှော်လင့် သလိုဘာယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မပေးနဲ့ "

ဟု ထူးထူးဆန်းဆန်း ဆိုသည်။

အဲဒီနေ့ကစလို့ငှက် မြွေ ဖား တောက်တဲ့စသော သတ္တဝါပေါင်းစုံကို ပိုမိုစားသောက်ချင်လာသော မြူ့ကို ဖြူမှာထိန်းမနိုင် သိမ်းမရ ဖြစ်လာသည့်အဆုံး အများမမြင်စေရန် ယခုကဲ့သို့စတိုခန်းထဲတွင် ဝှက်ထားခဲ့ရခြင်းဖြစ်သည်။ မြူသည် အကောင်များကို အစားကြူးလာသည် နှင့်အမျှ ရုပ်ဆင်းအင်္ဂါပါ ပျက်သထက် ပိုမိုပျက်ယွင်းလာပြီး ယခုနောက်ဆုံးတွင်မူ တိရစ္ဆာန်သာသာသဖွယ် ဖြစ်သွားခဲ့ပြီဖြစ်သည်။ စတိုခန်းအမှောင်ထဲတွင် ရှင်သန်နေသည်မှာ နှစ်နှစ်ဆယ် ရှိပြီဖြစ်သော မြူသည် မကောင်းဆိုးဝါးတစ်ကောင် အရှင်လတ်လတ် ငရဲခံနေရသည့် ငရဲသားတစ်ဦးနှင့် ပိုတူသည်။ အသေကောင်တွေစားပြီး အသက်ဆက်နေသော အသေကောင်ဖြစ်၍ တစ်နေ့တခြား တစ္ဆေပိုဆန်လာသည်ကတော့မှချပင်။ အမြဲလိုဆာလောင်လျက်ရှိသည့် သူမ၏ ဂမ္ဘီရဆန်ဆန် အစာရှာများမှုကြောင့် ဖြူတို့၏အရင်အိမ်လည်း မီးလောင်ခဲ့ရပြီး သည်မြို့လေးသို့ ပြောင်းရွှေ့လာခဲ့ရခြင်းဖြစ်သည်။

"ဂရုး ဂရုး"



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး မြူရေ နှင်စားတဲ့ဟာတွေက ရှာရခက်တယ်ဟ"

အစာထပ်တောင်းနေသေးသော သွားရည်တမြားမြားနှင့် မကောင်းဆိုးဝါးအား ကြည့်ကာ မြူခေါင်းကိုသာ ခါရမ်းနေမိတော့သည်။ တစ်နေ့ထက်တစ်နေ့ အစား ပိုမိုသောင်းကျန်းလာသော မြူ၏ စားရေးမသောက်ရေးကို မြူ ဘယ်လိုဖြေရှင်းရမလဲ မသိတော့။

မြူ့အတွက် အိမ်တိုင်ပေါ်က အိမ်မြှောင်တွေလည်း ဖမ်းပေးဖူးပြီ။ အိမ်တွင်မွေးသော ပူစီလေးလည်း စတေးခဲ့ဖူးပြီ။

အိုနောက်ဆုံး မီးဖိုချောင်က ကြွက်ထောင်ချောက်ထဲကကြွက်တွေကရော သူ့အတွက်ချည်းပဲ မဟုတ်လား

သူ့ရဲ့ထူးဆန်းသောအစာတွေကို ရှာဖွေနေရတာနဲ့တင် မြူ တောင် ထမင်းမစားရတာကြာပြီ။

ဒါနဲ့များတောင် မြူကပဲ အဝမကျွေးထားသလို နှိပ်စက်ထားသလို မျက်လုံးမျိုးနဲ့ သူက ခပ်ပေပေ ကြည့်ဦးမယ်။

အို သည်လို မကောင်းဆိုးဝါး အစ်မမျိုးရှိနေတဲ့ မြူ့ကို ဘယ်လိုအမျိုးကောင်းသားက ရွှေလက်တွဲချင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်နဲ့ ဖြူပာဟာ အထီးကျန်ဆန်ရတာ၊၊

သူ့ကြောင့် အဖော်မဲ့တာ။

သူရှိလို့ မလွတ်လပ်တာ။

သူ့ကြောင့် မပျော်ရွှင်ရတာ။

အားလုံး သူ့ကြောင့်ချည်းပဲ။

မြူပာဟာ ဖြူ့ဘဝအတွက် ငရဲ။

သူသာ မရှိရင်…။

သူသာ မရှိရင် …။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၂
# မြူ

မြူသည် ပိန်းပိတ်အောင်မှောင်နေသော စတိုခန်းအတွင်းရှိ ချောင်တစ် ချောင်တွင် ခွေခွေကလေး ကွေးရင်း မိမိဘဝကိုမိမိ စိတ်ကုန်နေမိလေသည်။ ဖြူကတော့ သူ၏အစ်မမြူသည် စတိုခန်းထဲတွင်သာ ပုန်းခိုနေရသည့် အသား စားသတ္တဝါ တစ်ကောင်ဟု လက်ညှိုးထိုး ဖော်ထုတ် မည့်ညီမမျိုးဖြစ်သည်။ လူမနီးသူမနီး မြို့စွန်ကပျဉ်ထောင် အိမ်ကြီး တစ်လုံးမှာနေထိုင်ဖို့ မြူ့လို အောက်ပိုင်းသေနေသူက ရွေးချယ်နိုင်ပါ့မလား။

သည်တစ်အိမ်လုံးမှာလည်း မြွေ အိမ်မြှောင် နှိ ကြွက် စတဲ့ တိရစ္ဆာန်တွေရဲ့လှောင်အိမ်တွေကို နေရာလွတ်မရှိ တွေ့ရအောင်ကြံဆောင်နိုင်သူကရော မြူ့လိုဒုက္ခိတလား။



www.burmeseclassic.com

www.burmeseclassic.com



မြူ့ လုပ်နိုင်တာတစ်ခုပဲ ရှိပါသည်။

အဲဒါကတော့ ညစ်ပေနံဟောင်နေသော စတိုခန်းအတွင်းက ဂုန်နီအိတ်ပေါ်လေးမှာ လဲလျောင်းရင်း နောက်ဆုံးထွက်သက်ကို မျှော်လင့်နေမိခြင်းပါ။

မြူ့ မျှော်လင့်နေတဲ့အရာ ကို သူဘယ်တော့မှပေးမှာမဟုတ်မှန်း လည်း သိထားပါသည်။

ဖြူဆိုသောမိန်းမက အဲဒီလို လူစားမျိုးပါပဲ။

ဖြူက ပြောပါလိမ့်မည်။

သူ့၏အစ်မမြူသည် ငှက်သေပုတ်တွေ၊ကြွက်သေပုတ်တွေ စားသည်ဟု။ ဟောသည် စတိုခန်းအတွင်းက အပုတ်နံ့များသည် မြူ့၏ လက် ချက်ပါ ဟုပြောကောင်းပြောပါလိမ့်မည်။ မယုံပါနဲ့ ။

သူကမှ အဲဒီအကောင်တွေကို စားတာပါ။

အကောင်တွေကို စားခြင်းဖြင့် ဖြူသည် သူ့စိတ်ထဲက အစိုင်အခဲ များကို ဖြေဖျောက်လေ့ရှိခဲ့သည်။

တကယ်တော့ ဆိုးဝါးသောလုပ်ရပ် ဆိုသည်ကလည်း ဆိုးဝါး သော ဖြစ်စဉ်ကပင် စတင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြူနဲ့ဖြူသည် အမြွှာညီအစ်မတွေ ဆိုသည့်အတိုင်း ချွတ်စွပ်မတော်ကျပြီး ချောမောကြသည်။ သို့သော် မြူကဖြူ့ထက်တစ်ခုပိုသာသည်က အပေါင်းအသင်းများပြီး လူချစ် လူခင်များခြင်းပင်။ ဖြူကတော့နဂိုကပင် မာနကြီးသောကြောင့် အတန်းကြီးကျောင်းသားများနဲ့ မကြာခဏရန်ဖြစ်လေ့ရှိခဲ့သည်။ ကျောင်းတက်သောတစ်နေ့ မြူအိမ်သာ သွားရာလမ်းတွင် ဖြူနှင့်ရန်ဖြစ်လေ့ရှိသည့်အတန်းကြီး ကျောင်းသူတစ်စုနှင့်ဆုံမိတော့သည်။ သူတို့ထဲမှတစ်ယောက်က မြူ့လက်ထဲသို့ လှုပ်ရှားမှုမရှိသော နိတစ်ကောင် ထိုးထည့်ပေးလိုက်ပြီး..

"ဟော့ မိစ္ဆာတေးဖြူနု"

"ဒီနိုက ဟိုခေါင်မိုးပေါ်ကကျလာတာ"

"သူတို့ကပြောတာတော့ ဒီငှက်ကသေရဲတဲ့ မိစ္ဆာတေးရောဘယ်လိုထင်လဲ"

"သေရဲဟုတ်မဟုတ် ဟောဒီက မမကြီးတွေ သိချင်တယ်"

"စားပြပါလား"

ဆိုပြီး အုပ်မိုးပြောလိုက်သော အရပ်ကြီးက မြူ့တစ်ကိုယ်လုံး ဖုံ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ထားသလိုပါပဲ။သူတို့တွေဟာမြူထက်အရပ်ရောကိုယ်ခန္ဓာရော အစစအရာရာမှာ သာလွန်ကြတယ်။ ပြီးတော့ သူတို့က လေးယောက် မြူက တစ်ယောက်ထဲ။

"သမီးဖြူနု မဟုတ်ဘူးမြူတုပါ"

ကြောက်လန့်တကြားဖြင့် စကားလုံးများက တော်ရုံနှင့်မထွက်။

"ဟေ့ သူက ဟိုကောင်မလေးမဟုတ်ဘူး လို့ပြောနေတယ်"

သူတို့ထဲမှ တယောက်က ဝင်ထောက်သည်။

"ဟားဟားလုပ်မနေနဲ့ ဗွာတေးမ နင့်မှာညီအစ်မရှိတယ်လို့တစ်ခါမှမကြားဖူး ဘူး ငါတို့ကို တစ်ပတ်ရိုက်ဖို့မကြံနဲ့"

မြူဘယ်လိုလုပ်ရမလဲ သူတို့ပြောတာကိုလည်း မဆန့်ကျင်ရဲ။

လက်ထဲတွင် ဆန့်ငင်ဆန့်ငင် အသက်ငင်နေသော ခိုကလေး။ သနားစရာကောင်းလိုက်တာ။ သည်လောက်သနားစရာကောင်းသော ခိုကလေးကို ပါးစပ်ထဲ ဘယ်လိုထည့်ရပါ့မလဲ။တွေးရုံနှင့်ပင် နာကျင်သွားမိသည်။

"ဟားဟားဟား ခဏလေး သွားလေးတွေနဲ့ ထိယုံပါ



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်မရဲ့"

သူတို့ထဲကတစ်ယောက်က လှောင်ပြောင်ဟန်ဖြင့်ဝင်ပြောသည်။

သူတို့ရှေ့က မြန်မြန်ထွက်သွားချင်တယ်

မြူစားလိုက်ရင် ကိစ္စပြီးသွားမှာလား

ဟင့်အင်း မဟုတ်ဘူး။ မစားဘူး။ မစားနိုင်ဘူး။

အို စားလိုက်မှဖြစ်မယ်။

"ကိုယ်စားလုပ်ပေးလို့မရဘူးလား"

ဟင် ဖြူ့အသံ။သူ မြူ့လက်ထဲက ဟာကိုလုလိုက်ပြီ။

ဖြူ ဖြူ သူ အဲဒါကိုစားမလို့များလား။

မစားပါနဲ့ ဖြူရယ် မစားပါနဲ့ ။

သို့သော် အရာရာက နောက်ကျသွားပါပြီ။

ခိုသေခေါင်းကို ကျွတ်ကျွတ်မြည်အောင်ဝါးစားနေသော ဖြူက ပါးစောင်ထဲရှိ စားကြွင်းစားကျန်များကို အာခေါင်အတွင်း သို့ ထိုးသွင်းလိုက်ရင်း မြူ့တစ်သက် မမေ့နိုင်သော စကားတခွန်းကို ဆိုလိုက်သည်။

"ငါတော့ သိပ်ကြိုက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အား"

အတန်းကြီးကျောင်းသူတစ်သိုက်ကား လိပ်ပြာလွင့်မတတ် ဟစ်အော်ရင်း ပြေးကြချေပြီ။

ပြီးမှ ဖြူက မင်သက်ကာ သတိလက်လွတ်ငေးနေသော မြူ့အား ရှုတည်တည်ကြည့်ရင်း…

"လူတွေကိုသူတို့မျှော်လင့်သလိုပေးလိုက်တော့လည်း ပြီးသွား တာပဲနော်"

ဟု ထူးထူးဆန်းဆန်း ဆိုလေသည်။

အဲဒီနေ့ကစလို့ဖြူသည် အသေကောင်များကို နှစ်နှစ်ခြိုက်ခြိုက် စားဖြစ်လာခဲ့သည်။ဖြူသည် လူသလောက် ကြောက်ဖို့ ကောင်း သောမိန်းမပင်။ သူ့လျှို့ဝှက်ချက်များကိုသိသောမြူ့အား နှုတ်ပိတ်ရန် အတွက် စတိုခန်းထဲတွင် မြူ့ကိုပိတ်ပြီး အိမ်ကို မီးရှို့ခဲ့သည်။ကံဖေးမ၍ မြူမသေခဲ့သော်လည်း တစ်ကိုယ် လုံးမှ အသားအရည် များနှင့် အတူ ခြေထောက်တွေပါ ပျက်စီးသွားခဲ့ပြီး ကြမ်းပြင်ပေါ်တွင် တရွတ်တိုက် သွားလာနေရ သောရောဂါသည်ဘဝ ရောက်ခဲ့ရသည်။သည်လိုဖြစ် သွားတော့မှ ဖြူကအားရကျေနပ်သွားဟန်ရှိပြီး သူလုပ်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန် တွင် ခေါင်းခံပေးရန်အတွက် မဝရေစာကျွေးပြီးအသက်ဆက်ရှင်စေခဲ့ပြန်သည်။

မြူသည် သူ့ဆာလောင်မွတ်သိပ်တိုင်း သည်စတိုခန်း လေးဆီ ဆင်းချလာပြီး သတ္တဝါတွေကို စားလေ့ရှိခဲ့သည်။သူစားပြီး ကျန်သော အကြွင်းအကျန်များကို မြူ စားသလိုပုံမျိုးနဲ့ သည်မှာထားခဲ့ပြန်သည်။ ထို့ပြင်သူဒီလိုဖြစ်ရသည်မှာ မြူ့ကြောင့်ဆိုပြီး မကြာခဏ ရိုက်နှက်တတ်သေးသည်။သူ့စိတ်မထင်လျှင် မထင်သလိုလုပ်သော ရက်စက်မှုများကြောင့် မြူသည် စကားမပြောနိုင်တော့သော ဂရုံဂရုံ အသံသာထွက်နိုင်သော လျှာမဲ့အအ တစ်ကောင်ဘဝ ရောက်ခဲ့ရပြန်သည်။ သူ့အတွက်အသေကောင်တွေရှာရခက်လေမြူ့ကိုအပြစ်ဖို့လေပင်။ ဒီအပြစ်ကို မြူကတစ်ဘဝလုံး ပေးဆပ်သွားရမည်တဲ့။ ဖြူ့ကိုမြူကြောက်တယ် သူ့ကိုမြူကြောက်ရပါတယ်။

သူလေ သူက စားစရာ မရှိရင် မြူ့ကိုပါ စားမှာ...

မြူဟာ ဖြူနှိပ်စက်မှုဒဏ်ကြောင့် တိရစ္ဆာန်သာသာ ရုပ်ရည် ဖြစ်နေရပေမယ့် လူသားတစ်ယောက်ရဲ့နှလုံးသားစင်စစ်ရှိပါတယ်။ တကယ်တမ်းကျ မြူဟာ လူသားဆန်တဲ့ရုပ်ရည် လူသား ပီသသော နှလုံးသားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူထဲက လူတစ်ဦးပါ။ဖြူ့ရဲ့လိပ်ပြာ မလုံမှု အကောက်ကြံ မှုတွေသာ မရှိခဲ့ဘူး ဆိုရင် မြူဟာ အခုချိန်မှာ ပျော်ရွှင်သော မိန်းမပျိုတစ် ဦးအဖြစ် ရှင်သန်နေရမှာ..။

ခုတော့...။

အခုတော့..။

ကြွက်ချေး ပိုးဟပ်ချေးဆော်တို့တွေနှင့်အတူ အသေကောင် ပုတ်ဆော်နံ့တို့ နံဟောင်နေသည့် အခန်းကျဉ်းလေးထဲတွင် ခွေအိပ်နေ ရသော ဂုန်နီအိတ်ပေါ်က တိရစ္ဆာန်တစ်ကောင်ဘ၀ ။

ဒါတွေအားလုံးဟာ ဟို လူစိတ်မရှိတဲ့ ညီမကြောင့်

ဖြူ့ကြောင့်။

သူမရှိမှ ဖြစ်မှာ...။

ဖြူဟာ မြူ့အတွက် မကောင်းဆိုးဝါး။

သူသာ မြူ့ဘ၀မှာ မရှိရင်..

သူသာ...မရှိရင်...။

သူသာ...မရှိရင်...။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း -၃
## ဖြူနှင့်ဖြူ

အခန်းနံပါတ် တစ်ဆယ့်သုံး။

စိတ်ရောဂါကု ဆရာဝန် သက်တမ်း ခုနစ်နှစ် ရှိပြီဖြစ်သော်ငြားသည်လို လူနာမျိုးကိုတော့ ဒီအခန်းထဲရောက်မှ ပထမဆုံး မြင်ဖူးခြင်းဖြစ်ပါသည်။ ထိုလူနာအမျိုးသမီးသည် မိန်းမလှလေး ဖြစ်သော်လည်းရုပ်ရည်ရူပကာ နှင့်မှမလိုက် ခိုသေ မြွေသေ ကြွက်သေစသော အသေကောင်သားများ စားရသည်ကိုသာ နှစ်မြို့က်သည့် ထူးခြားသောစိတ်ဝေဒနာသည် တစ်ဦးဖြစ်သည်။ ကျွန်တော့်ဆရာဖြစ်သော စိတ်ရောဂါအထူးကုဆရာဝန်ကြီး မောင်မောင်စိုးက သည်လူနာကို လာကြည့်သင့်ကြောင်း ပြောတုန်းက မယုံခဲ့။ ယခု patient အခန်းထဲ ရောက်တော့ မှပါးစပ်အပေါင်းသားပွင့်ရင်း အံ့ဩနေရခြင်းဖြစ်သည်။ patient သည်



www.burmeseclassic.com

www.burmeseclassic.com



ချောင်တချောင်တွင် ကုပ်ကုပ်လေးထိုင်နေပြီး ငှက်တစ်ကောင်၏ လည်ဂုတ်ကို အားပါးတရခဲ ထားသည်။

"အခုဆို patient က တို့တွေစားနေကျ အစားအစာ မျိုးတွေကို လုံးလုံးမစားတော့ဘဲ အဲဒါတွေကိုပဲ တောင်းနေတော့တာပဲ ဒေါက်တာသီဟရေ အသေသားတွေကို သူတကယ်စားတာလည်း မဟုတ်ပါဘူး လည်ဂုတ် တစ်ချက်ခဲပြီးတာနဲ့ ပစ်လိုက်တော့တာ အဲဒီလို လုပ်လိုက်ရရင်ကို ဘာမှမစားရဘဲ နဲ့ ဗိုက်ဝသွားတဲ့ပုံနဲ့ ကျေနပ်ပြီး ငြိမ်ကျသွားရော သူတောင်းတာ မပေးလို့ကတော့ တို့ ဆေးရုံတစ်ရုံလုံး ကျွန်းထိုးမှောက်ခုံ ဖြစ်ပြီပဲ "

ဆရာဖြစ်သူက သူ့အားထွက်ပေါက်ပေးသည့်အနေဖြင့် ရယ်သွမ်းသွေးပြောဆိုနေသော်လည်း ဒေါက်တာသီဟ မရယ်နိုင်ပါ။ သည် ပေးရှင့်ကို ဒေါက်တာသီဟ၏နှလုံးသားက ကောင်းကောင်းမှတ်မိပါသည်။ လာရာလမ်းကို မျှော်မှန်းကာ လွမ်းခဲ့ရသည့် ဆရာမလေး။ အခု တော့ စိတ်ဝေဒနာသည် တဖြစ်လဲ စိတ်မကျန်းမာသူလေး ဖြူနုယဉ်ဆင့်။ သြော် ခမျာ အဝေါ်ပြောင်းလဲသွားခဲ့ရှာ တယ်။

မင်းသိပ်ပိန်သွားတယ် ဖြူရယ်



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကပြည့်တင်းခဲ့တဲ့ မင်းပါးလေးတွေမှာ ဝေါထွက်နေတဲ့ မေးရိုးတွေက နေရာယူသွားပြီ။ အရင်တုန်းက ဖူးငုံနီရဲနေတဲ့ မင်းနှုတ်ခမ်းလေးမှာ ဖြူမှိန်ဖျော့တော့ခြင်းက နေရာယူသွားပြီ။ စိုပြေတောက်ပခဲ့တဲ့ မင်းအလှအပတွေမှာ အရိုးပေါ်အရေတင် ကမ္ဘာ့ဒုက္ခ ကမ္ဗာန်းရုပ်က အနိုင်ယူသွားခဲ့ပြီ။

"ဘယ်လိုလဲဒေါက်တာအံ့ဩလွန်းလို့တိတ်ဆိတ်သွားတာလားဗျ"

ဒေါက်တာမောင်မောင်စိုး သတိပေးလိုက်မှ ဒေါက်တာသီဟသတိပြန်လည်ဝင်သွားပြီး

"သူဘယ်လိုဖြစ်တာလဲဗျ"

"နျူရိုးဆစ်ပဲ Multiple personalityပေါ့ဝေယ်ရွယ်စဉ်မှာ အထပ်ထပ်အနိုင်ကျင့်ခံခဲ့ရလို့ **စိတ်ဒဏ်ရာ အကြီးအကျယ်**ရခဲ့လို့ စတဲ့အကြောင်းတစ်ခုခုကြောင့် **ဖြစ်နိုင်မယ်ထင်**တယ် သူဟာဘယ်သူ့ကိုမှအားကိုးလို့မရဘဲအများရဲ့**အနိုင်ကျင့်ခြင်းခံခဲ့ရလို့**သူများကိုလည်း အနိုင်ကျင့်ချင်လာတယ် **တစ်ဖက်က**လည်း သူ့ကိုကာကွယ်ပေးမယ့် သူရဲကောင်းမျိုးကို ရှာချင်လာတယ် ကြုံဆုံခဲ့သမျှ ရုက်ကြောက် နာကျင်



www.burmeseclassic.com

www.burmeseclassic.com



စရာတွေ ပူဆွေးဝမ်းနည်းစရာတွေကို မေ့ပစ်ချင်တယ်။ တစ်ယောက်ယောက်ကို အပြစ်ပုံချင်တယ် အဲဒီစိတ်တွေက ထွက်ပေါက်မရတဲ့ အဆုံး သူ့အနိုင်ကျင့်လို့ရမယ့်သူ မှီတွယ်လို့ရမယ့် နောက်တစ်ကိုယ်ကို သူ့ကိုယ်ထဲမှာပဲ ပင်ပင်ပန်းပန်းဖန်တီးခဲ့တာမျိုးဖြစ်နိုင်တယ် အဲဒါကတော့ ဘယ်တုန်းကမှ မမွေးဖွားခဲ့တဲ့ သူ့ရဲ့အမြွှာညီအစ်မဆိုတာပဲ တခါတလေမှာ သူဟာ လူတွေရှုံ့ရှာမုန်းတီးမယ့် လူကြမ်းစိတ်ကြမ်း အလုပ်မျိုးနဲ့ သူတပါးကိုအနိုင်ကျင့်လိုပြီး တခါတရံ မှာတော့ အထီးကျန်မဆန်လိုဘဲ လူတွေနဲ့ သည်းခံပေါင်းသင်းလိုတဲ့စိတ်မျိုးလည်းရှိတတ်တယ်ဗျ အဲဒီလို လူတစ်ကိုယ်စိတ်နှစ်မျိုးက အပြောင်းအလဲများလာတာနဲ့အမျှ သူ့ရဲ့နှစ်ကိုယ်ခွဲဟာလည်း balance မဖြစ်တော့ဘဲ ပဋိပက္ခအသွင် ပိုဆောင်လာတယ်လေ ဒါကြောင့် အရပ်က သတိထားမိပြီး ဆေးရုံပို့လိုက်ပုံပဲ သူ့အဖေကလည်း ကိုယ့်လူနာဖြစ်ခဲ့ဖူးပြီး စိတ်ကစဉ့်ကလျား ဝေဒနာရှင် တစ်ဦး ပါ"

"သူ့ကိုမျှော်လင့်လို့ရသေးလား"

ဒေါက်တာ သီဟ ရင်မောစွာဖြင့် မေးလိုက်သည်။

"အင်း ပြောရတာတော့ခက်တယ်ဗျ လူနာက သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲကနေနောက်တစ်ကိုယ် ခွဲထုတ်ရတဲ့ဝေဒနာကို အပြင်းအထန် ခံစားနေရတာ ဘာလို့လဲဆိုတော့ သူ့စိတ်ထဲမှာ ပျိုးထောင်ထားတဲ့ သူ့အစ်မမြူဆိုတာကညီမဖြစ်သူကိုအကြီးအကျယ်မုန်းနေတယ်ညီမဖြစ်တဲ့ဖြူကလည်းအစ်မကိုတူးတူးခါးခါးမုန်းနေတယ်အဲဒီမှာတင်သူ့စိတ်နဲ့သူပဋိပက္ခဖြစ်ပြီး အခြေအနေပိုဆိုးလာတယ် အင်း သူဖြစ်ခဲ့တဲ့နှစ်တွေကလည်းမနည်းဘူး ပျောက်ဖို့က အချိန်ယူရမှာပဲ "

ဆရာတပည့်နှစ်ဦး စကားတပြောပြော ဆွေးနွေးရင်း ကော်ရစ်တာဘက်သို့ လျှောက်လာခဲ့ကြသည်မှာ လူနာအခန်းနှင့်ပင် အတော်အလှမ်းကွာသွားခဲ့ပြီ။

"သူ့အစားသာ ကောင်းကောင်းစားရင် ပိုကောင်းတာပေါ့ကွာ အခုဟာက အစားလုံးဝမစားတော့ခက်တယ် သူ့နဂိုက ဘယ်လောက် ချောသလဲဆိုတာ အခုလိုအခြေအနေမှာတောင် မြင်နိုင်သေးတယ် နမြောစရာပဲကွာ"

ဒေါက်တာမောင်မောင်စိုးက ညည်းတွားသလိုဆိုရင်း ခေါင်းကိုတစ်ချက်ခါရမ်းလိုက်ကာ ဆေးရုံကြမ်းပြင်ဆီသို့သာ ဦးတည်ရာမဲ့ဟန်ဖြင့်ငေးစိုက်ကြည့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဒေါက်တာ"

နောက်နားဆီမှ ကြောက်လန့်တကြားထွက်ပေါ်လာသော အား ကိုးတကြီးခေါ်သံများကြောင့် အရေးပေါ်အခြေအနေကို သုံးသပ်မိ သွားသည့် ဒေါက်တာနစ်ယောက်လုံးသည် အသံလာရာ အခန်းနံပါတ် တစ်ဆယ့်သုံး သို့ ဇောချွေးပြန်လျက်သားဖြင့် အပြေးသွားကြရာ အခန်းဝ သို့ရောက်လျှင်...

"မြို့ နင်သေ နင်သေ နင့်ကြောင့် ဖြစ်တာ"

"သေစမ်း သေစမ်း နင်သေကို သေရမယ် လို့ ငါပြောပြီး သား"

"ကောင်မ နင်သာသေရမှာမသာမ ငဖြူ ရဲ့ သေစမ်း ရှော့ အင့် ဟားဟားဘာရိုတ်ခါး အရသာမြည်းကြည့်"

"ရွှတ်"

ဒေါက်တာများအား ဟစ်အော်ခေါ်ခဲ့သည့် သူနာပြုဆရာမ လေး၏ မျက်နှာမှာ သွေးဆုတ်ဖြူလျော့သွားပြီးနောက် ဆေးရုံ တစ်ရုံ လုံး လွှင့်စင်မတတ် သတိလက်လွတ်ဟစ်အော် လိုက်လေသည်။

"အောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှစ်ယောက်လုံးမှာ အထဲမှသွေးပျက်ဖွယ် မြင်ကွင်းကိုကြည့်ကာ အခန်းဝတွင်ပင်ခြေလှမ်းများတန့်ကာ မျက်လုံး များပြူးကျယ်ရင်း ကြောင်အ မင်သက်သွားကြတော့သည်။ သွေးများ ဒလဟောပန်းထွက်နေသော လည်ပင်းမှဓါးဒဏ်ရာဖြင့် အသက်ငင်နေသည့်လူနာအား တွေ့လိုက်ရ၍ပင် ဖြစ်ပါတော့သည်။

လှပသည်ဖြစ်စေ မလှပသည်ဖြစ်စေ ရှင်သန်နေသော ဘဝတွေတိုင်းတွင် သူတို့တွေ မျှော်လင့်ထားသော (သို့မဟုတ်) မမျှော်လင့်ထားသော အကျည်းတန် လှို့ဝှက်ချက်များက အစဉ်အမြဲ ရှိနေမည်ဖြစ် သည်။

အကျည်းတန်ကောင်း အကျည်းတန်မည်ဖြစ်သော်လည်း တစ်နေရာရာတွင်တော့ သူမ ရှင်သန်နေပါလိမ့်ဦး မည်။

"မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာမ"

ဆရာမကတော့ တပည့်တို့ကျောင်းကို အသစ်ရောက်လာတဲ့ သမိုင်းဆရာမ မြူတာယဉ်တင့်ပါ။ ။

✚ ✚ ✚ ✚



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပွား-၂

-ကြယ်ရီလင်းစစ်

## Story III



www.burmeseclassic.com

www.burmeseclassic.com



# Story 3

## ကိုယ်ပွား၂

တစ်စုံတယောက်ဟာ

သူ့ကိုယ်ပွားကိုမြင်ပြီဆိုရင်

ဗကြာမီ.....

အဲ.ဒီ. လူ..

သေရတော့မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဒိုင်းဝန်ကွင်းအိမ်ကြီးရဲ့ မျိုးဆက်မှာ ထူးခြားတဲ့ ဒဏ္ဍာရီလိုလို ပုံပြင်လိုလိုဖြစ်ရပ်တစ်ခု ရှိပါတယ်။ အဲဒီဖြစ်ရပ်ကို စတင်ခဲ့သူကတော့ ကျွန်တော့်အဘိုးဖြစ်သူ ဦးချစ်ဓွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့တွင် ဒိုင်းဝန်ကွင်းအိမ်ကြီးဟုဆိုလိုက်သည်နှင့် ရေနံချေးများဝနေသော နစ်ဆောင်ပြိုင် အိမ်ကြီးမှန်းလူတိုင်းသိကြသည်။

ဤဒိုင်းဝန်ကွင်းအိမ်၏ အရှင်သခင် ဦးချစ်ဆွေကား အင်မတန်စည်းကမ်းကြီးသော အိမ်ကြီးရှင်မျိုးဖြစ်ရာ လက်အောက်ငယ်သားများသာမက မိသားစုကပါဖိန့်ဖိန့်တုန်အောင် ချစ်ကြောက်ရိုသေရသူဖြစ်သည်။

တစ်နေ့ မိုးတွေသည်းသည်းထန်ထန် ရွာနေသော ထိုတစ်နေ့။

ဦးချစ်ဆွေတစ်ယောက် သူထိုင်နေကျဖြစ်သော အိမ်အပေါ်ထပ်ရှိပက်လက်ကုလားထိုင်လေးတွင် သတင်းစာ ထိုင်ဖတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကဲ့သို့သော အချိန်မျိုးတွင်မည်သည့် အိမ်သားများမှ အနှောင့်အယှက် မပြုဝံ့သဖြင့် အပေါ်ထပ်တွင် သူတစ်ဦးတည်းသာ ရှိနေခြင်း ဖြစ်သည်။

သတင်းစာထဲသို့ အာရုံဝင်စားကာ ပတ်ဝန်းကျင်နှင့် အဆက် ပြတ်နေသော ဦးချစ်ဆွေသည် နောက်စာမျက်နှာကို ဖတ်ချင်ဇောဖြင့် ဆက်လှန်လိုက်ချိန်တွင် ဘေးမှ အသံတစ်ခု ကြားလိုက်ရသည်။

သူလှန်သော သတင်းစာ စာရွက်သံမျိုး။

သို့သော် ထိုအသံက သူ့ဆီက မဟုတ်မှန်းလည်း အသေအချာ သိနေပြန်သည်။ တစ်ယောက်ယောက်သည် သူ့လိုမျိုးသတင်းစာ ဖတ်နေပြီ။ ထင်သည့်အတိုင်း သတင်းစာဖတ်နေသည့် အရိပ်တစ်ခုကို မျက်ဝန်းရိပ်ဖြင့် လှမ်းမြင်တွေ့နေရသည်။ သူစိတ်ရှုပ်သွားသည်။ သို့သော် ဖတ်လက်စ စာအရသာ မပြတ်လိုသဖြင့် ဥပေက္ခာပြုလိုက်ပြီး သတင်းစာ ကိုသာ ဆက်ဖတ်နေလိုက်သည်။ တစ်နာရီခန့် စာမျက်နှာများကြားတွင် နစ်မြုပ်ပြီးနောက် ခါးက ညောင်းလာသဖြင့် လက်ထဲက သတင်းစာကို ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲ မြည်အောင်ပစ်ချကာ ညောင်းနေသော ခါးကိုကော့ ချိုးလိုက်သည်။ ထိုအခါ ဘေးမှအရိပ်ကလည်း သူ့အတိုင်း

www.burmeseclassic.com



သတင်းစာကို ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်ပြီး ခါးကိုလည်း ဂျွတ်ဂျွတ်မြည်အောင် ချိုးလိုက်ပြန် သည်။

ဒီတစ်ခါတော့ ဦးချစ်ဆွေ ဒေါသထွက်လာပြီ။

သည်အိမ်ကြီး၏ အရှင်သခင် သူ့ကိုများ ဒီလိုနောက်ရဲသူ ရှိသလား။

တစ်ဦးတည်းသော သားခင်မောင်များလားဟု စိတ်ထဲကထင်လိုက်မိ၏။

"တောက် နောက်တဲ့ကောင်တော့ အသေပဲကွာ"

ဟုစိတ်ထဲမှကြိမ်းမောင်းလိုက်ရင်း ထိုအရိပ်ရှိရာသို့ ကြည့်လိုက်ရာ...

"ဟင် "

"အောင်မလေး အမေကြီးရေ "

ထိုမျှလောက်သာ ဟစ်အော်နိုင်ပြီး အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားတော့သည်။

ဤဖြစ်ရပ်သည် ဦးချစ်ဆွေ၏ ပထမဆုံးလေဖြတ်မှုဖြစ်ပြီး ထိုအချိန်မှစကာ အိပ်ယာထဲ ဗုန်းဗုန်းလဲခဲ့တော့သည်။ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သတိရစပြုသော အချိန်တွင်မှ သားဖြစ်သူအား သူ့ဘာစတွေ မြင်ခဲ့ကြောင်းပြောပြသွားခဲ့ သည်။

✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



ကဲအခုတော့ ဇာတ်ကြောင်းပြန်နေတဲ့ မြေးဖြစ်သူ ကျွန်တော့် ရဲ့ အခန်းကဏ္ဍ ရောက်လာပါပြီ။

အဘိုးက ဘာတွေမြင်ခဲ့တာလဲ

အဖေ့ကို သူပြောပြခဲ့တာကတော့

အဘိုးက သူ့ကိုယ်ပွား သူမြင်ခဲ့တာပါတဲ့

အဲဒီနေ့ အဲဒီအချိန်က သူဘေးကို လှည့်ကြည့်လိုက်ချိန်မှာ သူ့ကိုလည်း သူ့လိုပဲ ဒေါသထွက်ထွက်နဲ့ စိုက်ကြည့်နေတဲ့မျက်နှာ တစ်ခုကိုတွေ့လိုက်ရတယ်။

သူနဲ့ မျက်နှာချင်း ချွတ်စွပ်ဆင်တူတဲ့ လူတစ်ယောက်။

မျက်လုံး နှာခေါင်း နှုတ်ခမ်း အားလုံးဟာ သူ့အတိုင်းပဲ။ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီချွတ်စွပ်တူတဲ့ရုပ်ဟာ မျက်နှာ နှုတ်ခမ်းဖြူ စုပ်စုပ်နဲ့မို့ အသေကောင်နဲ့သာ တူနေတော့တယ်။ အဲဒီလူကလည်း ဦးချစ်ဆွေကိုရဲရဲနီမျက်လုံးတွေနဲ့ မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေပြန်တယ်။

ပြီးတော့ သူ့ကို တစ်ခုခုလှမ်းပြောလိုက်သလိုပဲ

အဲဒီလို ပြောရာမှာ နှုတ်ခမ်းလည်း မလှုပ်ဘူး

အဘိုးဟာ အဲဒီစကားကိုတော့ သေသည့်အထိ အဲဖေ့ကို ပြောမသွားခဲ့ဘူး။

အဘိုးဟာလေဖြတ်တာကြောင့် အသိအမြင်တွေပဲ မှားယွင်းခဲ့သလား။ အစွဲအလန်းပဲ ကြီးခဲ့သလား ဆိုတာတော့ ဘယ်သူမှ ယတိပြတ် မပြောနိုင်ခဲ့ကြဘူး။ ဒါပေမယ့်အဘိုးမဆုံးခင် တစ်ပတ် အလိုမှာတော့ အားလုံးက ပျက်ရယ်ပြုထားတဲ့ အဘိုးရဲ့စကားတွေကို တစ်မိသားစုလုံး လက်ခံရမလိုလို ဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့ပါသေးတယ်။ အဲ့ဒီဖြစ်ရပ်ကိုတော့ နောင်တစ်ချိန်မှာ ကျွန်တော့်ဖေဖေ ဖြစ်လာမယ့် အဘိုးရဲ့တစ်ဦးတည်းသောသား ခင်မောင်က သယ်ဆောင်လာခဲ့တာပါ။

ကဲကျွန်တော့်ဖေဖေရဲ့ကိုယ်တွေ့ဖြစ်စဉ်ကိုမြည်းစမ်းကြည့်ပါဦး။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်တစ်ယောက် လေဖြတ်နေသော အဖေ့အားသတင်းစာ ဖတ်ပြရန် အတွက် အပေါ်ထပ်သို့ သတင်းစာယူရန် တက်လာခဲ့သည်။ အိမ်အပေါ်ထပ်တွင် မည်သူမျှနေလေ့မရှိသောကြောင့် လှေကားထစ်တို့မှာ ဖုန်တစ်လောင်းလောင်းဖြစ်နေပြီး အပေါ်ထပ်သည် ကျက်သရေမဲ့လှသည်ဟု တွေးထင်လိုက်မိသည်။ အပေါ်ထပ်သို့ရောက်မည့် နောက်ဆုံးလှေခါးထစ်ကို နင်းလိုက်စဉ်မှာပင် ခင်မောင် ကြောပြင်တစ်လျှောက် ကျက်သီးတို့ စိမ့် ထသွားပြီး ခေါင်းမှာလည်း ပုတ်လောက် ကြီးသွားသည်ဟု ထင်မိလိုက်သည်။

အဖေထိုင်နေကျ သစ်သားပက်လက်ကုလားထိုင်တွင် တစ်စုံတစ်ဦးသည် သူယူမည့် သတင်းစာကို ထိုင်ဖတ်နှင့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား အဲဒါ အဲဒါ ဖေဖေလား ဖေဖေလည်း

မဟုတ်ဘူး။

ရုပ်ရည်နှင့်ကိုယ်လုံးကိုယ်ထည် သာမက သတင်းစာဖတ်ဟန်ပါ ဖခင်နှင့် ဆင်တူနေသော ထိုလူက သတင်းစာဆီမှ သူ့မျက်လုံးများကို ဖယ်ခွါလိုက်ပြီး ခင်မောင်မျက်လုံးများဆီ စူးစူးရဲရဲ စိုက်ကြည့်လိုက်စဉ်

"အောင်မလေး"

လန့်အော်မိလိုက်သော်လည်း ခြေထောက်တွေကပြေးလို့မရ

တစ်စက္ကန့် နှစ်စက္ကန့်မျှ မင်သက်ကြည့်နေရင်းမှာပင် ထိုလူ၏ ခန္ဓာကိုယ်သည် နှင်းတွေအုပ်မိုးချလိုက်သကဲ့သို့ မှိန်၍မှိန်၍ပျောက်ကွယ် သွားတော့၏။ ခင်မောင်မှာ မျက်စိရှေ့မှ မြင်ကွင်းကိုကြည့်ကာ နလုံးသား တို့မှာ အေးစက် ဌွန်းပြန်သွားပြီး အောက်ထပ်သို့ ကမူးရှူးထိုး ပြေးဆင်း ခဲ့၏။ ထို့နောက် ဖေဖေ့အခန်းဆီသို့ အမောတကော ပြေးဝင်ကြည့်လျှင် လျှာတစ်လစ်ကလေးထွက်ကာ အသက်ထွက်နေပြီဖြစ်သော ဖခင်ဖြစ်သူ အား တွေ့လိုက်ရတော့သည်။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ကျွန်တော်တို့အိမ်ရဲ့ ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ယုံတမ်းစကားတစ်ခုပါပဲ။

ဘိုးဘိုးဦးချစ်ဆွေ ဆုံးပါးပြီးတဲ့နောက်ပိုင်းမှာတော့ အဆိုပါ အရိပ်ကို ထပ်မံမြင်တွေ့ရခြင်း မရှိတော့ပါဘူး။

ဒါပေမယ့် သည်ဖြစ်ရပ်ကနေ တစ်မိသားစုလုံးလက်ခံတဲ့ သီအိုရီ တစ်ခုရှိခဲ့ပါတယ်။

အဲဒါကတော့ တစုံတယောက်ဟာ သူ့ကိုယ်ပွားကိုမြင်ပြီဆိုရင်.. အဲ...ဒီ....လူ...သေရတော့မယ်။ ။

✚ ✚ ✚ ✚



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေရတော့မှာလား . . .

မသေခင် . . .

နောက်ဆုံးစက္ကန့် . . .

ဘာလိုချင်သလဲ ၊

တစ်ယောက်ယောက်က

မေးလာခဲ့မယ်ဆိုရင် . . .

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့။

ဖေဖေပြန်လာမည့်နေ့ဖြစ်သည်။

ကောင်းသည်အဘိုးထိုင်ခဲ့သောအပေါ်ထပ်ရှိပက်လက်ကုလားထိုင်ပေါ်တွင် ဂစ်တာတီးရင်း ဖေဖေပြန်အလာကို အသည်းအသန်မျှော်လင့် နေမိလေသည်။

"ဒို ရေမီ ဖာ ဒိုရေမီဖာ"

ကောင်းကဂစ်တာတီးသင်တန်းကိုအခုမှစတက်သည်ဖြစ်သည့်အတွက် ဒို ရေမီဖာ အဆင့်ပင်ရှိပါသေးသည်။ အဲဒီတတ်သလောက်ကလေးကိုပင် ဖေဖေ့ကိုပြချင်လွန်းသဖြင့် ယခုကဲ့သို့ လည်ပင်းရှည်နေရခြင်းဖြစ်သည်။ သီချင်းခပ်ကောင်းကောင်းတစ်ပုဒ် လောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖေတို့မေတို့ရှေ့တွင် တီးနိုင်အောင် ကြိုးစားရဦးမည်။

ထိုစဉ်...

"ရှပ် ရှပ် ရှပ်"

ခြေသံတစ်ခု။

ဘယ်သူများပါလိမ့်

ကောင်း ကြည့်ရန်အားယူလိုက်စဉ်မှာပင်

"ကောင်းရေ သားကြီးဖေဖေပြန်လာပြီဟေ့"

အပြင်တွင် သည်းသည်းထန်ထန်ရွာနေသော မိုးနှင့်အပြိုင် လျှံတက်လာသည့် ဖေဖေ့အသံကြောင့် ကောင်းတစ်ယောက် အောက်ထပ်သို့ ဒုန်းစိုင်းပြေးဆင်းလာခဲ့တော့သည်။ဖေဖေ့ခေါ်သံ ကလည်း ထူးဆန်းလိုက်တာ။ "သားကြီး" ဟု ဖေဖေ ဘယ်တုန်းကမှ မခေါ်ဖူးခဲ့ပေ။

ဟပဟား မျှော်လိုက်ရတာ ဖေကြီးရာ ဒီမှာ ဂီတာတီး ဟင်

ဖေဖေ့အား မကျေမချမ်း ရေရွတ်မည့် ကောင်း စကားလုံးများ သည် လမ်းခု လပ်တွင်ပင် ရပ်တန့်သွားကြသည်။

မျှော်လင့်မထားသောပုံစံဖြင့်ဖေဖေ့အား မြင်လိုက်ရသည့် အတွက်ပင်။ဖေဖေကား ကာတွန်းကားထဲက ရေနစ်လာသောကြွက်စုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလိုပင်။ ကောင်းတို့ သင်ရသောဆယ်တန်းအင်္ဂလိပ်စာ ဖတ်စာထဲက မစ္စတာ အန်းရှောကြီးအတိုင်း။ သည်းထန်သော မိုးရေစက်တွေက ဖေဖေ့ကိုယ်ကိုအဆမတန် ဝါးမြိုထားသည်။ မိုးရေတွေရွှဲရွှဲစိုနေသော ဖေ့ဖေ့ဂျာကင်ထဲတွင်တော့ ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ဦး ကောင်းထက်တော့ ငယ်မည့်ပုံပင်။ ဒါလေး ကရော ဟိကာလစ်ဖ်လား

ကျွတ် သူကဘယ်သူလဲ

ဖေဖေ့သား နောက်တစ်ယောက်လား. . .။

ကောင်း ကြိုတင်မျှော်လင့်ထားသည် အတိုင်းအဆိုပါကောင်လေးသည် ဖေဖေ၏ဒုတိယမြောက်သားအဖြစ် ဤအိမ်ကြီးတွင် နေထိုင်ခွင့်ရခဲ့သည်။

"သား ကောင်း နေမကောင်းတဲ့လူကို ကြင်နာရမယ် ယောကျ်ားပီသရမယ်နော်"

ဖေဖေက ကောင်းဆံပင်တွေကို သူ၏နွေးထွေးသော လက်ဖျားများဖြင့် အုပ်ကိုင်ရင်း ချော့မော့သလို ဆိုသည်။

"သားအခံရခက်မယ်ဆိုတာ ဖေဖေသိပါတယ်"

ကောင်းသည် ဖေဖေ့ မျက်ဝန်းတွေကို ငေးကြည့်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ခေါင်းကို တစ်ချက်မျှခါရမ်းကာ ကောင်းရှေ့မှထွက်သွား တော့သည်။

အဲဒီနောက်ပိုင်းတော့ ကောင်းသည်အသစ်စက်စက် တော်လိုက် ရသော ခန့်နိုင်ဆိုသည့် ညီလေးနှင့် ကောင်းကြားက သံယောဇဉ်ကို ဖြူစင် အောင် နိုင်မြဲအောင်ကြိုးပမ်းခဲ့ပါသည်။ ဘာမှမလုပ်တာ ထက်စာလျှင် တစ်ခုခု ကြိုးစားသည်က နည်းနည်း ပိုကောင်းသေး သည်မဟုတ်လား။

ကောင်းသူ့ကို ချစ်ဖို့

ညီလေးတစ်ယောက်လို တွယ်တာဖို့ကာကွယ်ဖို့ တကယ့်ကိုကြိုး စားခဲ့ပါသည်။

"ဒီလို ခန့်ရဲ့အဘိုးဖြစ်ရပ်ကနေ တစ်မိသားစုလုံး လက်ခံ ခဲ့တဲ့ သီအိုရီတစ်ခုရှိခဲ့တယ်ကွ တစ်စုံတစ်ယောက်ဟာ သူ့ကိုယ်ပွားကိုမြင် ရင် အဲဒီလူသေ..."

"တော်စမ်း ကောင်း"

ရုတ်တရက်ဆောင့်ထွက်လာသော မေမေ့အသံကြောင့် ကောင်း တို့နှစ်ယောက်လုံး ကြောင်အမ်း သွားကြသည်။

"သား ခန့်က စိတ်ရောကိုယ်ပါ နေကောင်းတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး နဂိုထဲက လိပ်ပြာငယ်နေတာကို မင်းကအဲဒီလို မဟုတ်ကဟုတ်က တွေပြောပြီး ခြောက်လှန့်တော့ ကောင်းသလား မင်းအဆင့် ကဒါပဲလား ကောင်း ဟင်"

မေမေ့စကားလုံးတွေက ချွန်မြမြ ဓါးထက်ထက်တွေလို ကောင်း အသည်းထဲကိုတစ်စင်းပြီးတစ်စင်းအဆက်မပြတ်စိုက်နေသည်။ ကောင်း ရင်ထဲတွင် အောင့်သက်ကာ မျက်ရှသွားတော့သည်။

မေကြီး ရက်စက်လိုက်တာ။

ကောင်းက ညီလေးကို ဒီအိမ်ရဲ့ပုံပြင်ပြောပြတာ မှားသလား။ သူကမိသားစုဝင်ဆိုရင် သူလည်းသိထားသင့်တာပေါ့။ ဒါလောက်ကလေး ပြောရုံလောက်နဲ့တော့ မင်းအဆင့်က ဒါပဲလားဆိုသော စကားလုံးမျိုးနဲ့ ကိုယ့်သားအရင်းကို မချိုးဖဲ့ သင့်ပါဘူးလေ။ မေမေတို့ဟာ ခန့်နိုင်ရောက် လာတဲ့အချိန်ကစပြီး ကောင်းက ခန့်နိုင် ကို ဘယ်လိုနှိပ်စက်မလဲဆိုတာ စောင့်ကြည့်နေကြပုံပါပဲ။ ကောင်းက ခန့်နိုင်ကို မနာလိုဖြစ်မည်။ ကောင်း က ကြိတ်စည်မည်။ကောင်းက ချောက်တွန်းမည်။ဒီလိုမျိုး တွေးထားခဲ့ကြ သည်ပေါ့။

ကောင်းသည် ထိုနေ့က ခန့်နိုင်အခန်းထဲမှ ဖုတ်တစ်ကောင် လို

www.burmeseclassic.com



ပျဉ်းတွဲတွဲ ထလာခဲ့သည်။ စကားလုံးမဲ့စွာ အသက်မဲ့စွာ ခံစားချက်မဲ့စွာ။

သည်ကြားရက်များတွင်တော့ ကောင်းသည် အရာအားလုံးကို ဥပေက္ခာပြုနိုင်အောင် အသည်းအထန်ကြိုးစားခဲ့ရသည်။ ကောင်းတို့ မိသားစုသုံးယောက် ဆုံရာနေရာများဖြစ်သော ထမင်းဝိုင်းသည် လည်းကောင်း တီဗီစင်သည်လည်းကောင်း စန္ဒယားသည်လည်းကောင်း ခန့်နိုင် အခန်းထဲသို့ ပြောင်းရွှေ့သွားခဲ့ပြီး ခန့်နိုင်အတွက် နွေးထွေးလုပ သောမိသားစုဘဝတစ်ခုကို ဖေဖေတို့ကဖန်တီးတည်ဆောက်ပေးနိုင် ခဲ့လေသည်။

"သားခန့်လေးက ကျန်းမာရေးအတော်ဆိုးရှာတာပါ သားကြီး ရယ် သားက မေကြီးတို့နဲ့ပျော်ရွှင်နေတာကို သူမြင်ရင် သူ့ဘဝနဲ့ ယှဉ်တွေးပြီး စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

မေက ထိုသို့ဆိုသောအခါ ကောင်းသည် စကားတစ်လုံးမျှမတုံ့ ပြန်နိုင်ဘဲ ဆိတ်ဆိတ်သာနေခဲ့လေသည်။

မိဘတွေနှင့်အတူ တစ်ဆယ့်ခြောက်နှစ်လုံးလုံးစားခဲ့ရ သော ထမင်းကို ကောင်း တစ်ယောက်ထဲ အထီးကျန်လျက် စားမဝင်သည် ကို စိတ်ဝင်စားဟန်မရှိသောမိဘများအတွက် ကောင်းတွင်စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ပါ။

တစ်ဆယ့်ခြောက်နှစ်လုံးလုံး မေမေ့ပေါင်ပေါ်တွင် ခေါင်းအုံးရင်း တီဗီကြည့်ခဲ့ရသော ကောင်းသည် ယခုမူကြည့်စရာတီဗီရော အုံးစရာ မေတ္တာရော ပျောက်ဆုံး သွားပြီဖြစ်သည်။

အရင်တုန်းကဆို ကောင်းအိပ်ယာဝင်ခါနီးတိုင်း ဖေဖေက ကောင်းကို စန္ဒယားသင်ပေးနေကျ။ အခုတော့ စန္ဒယားသံက ခန့်နိုင် အခန်း ထဲ ပြောင်းရွှေ့သွားခဲ့ပြီမဟုတ်လား။

ကောင်း အိပ်ရာဝင်ခါနီးတိုင်း မေမေနှင့် ကောင်းသည် ဒီကုတင် လေးပေါ်တွင် တစ်နေ့တာ အဖြစ်အပျက်များကို စားမြုံ့ပြန်ရင်း ရယ်မော ပျော်ရွှင်နေကျ။

အခုတော့...အခုတော့...။

ဩော်...ခန့်နိုင်တစ်ယောက်ကတော့ ဖေ မေတို့ရဲ့မေတ္တာတွေနဲ့ နွေးထွေး လုံခြုံစွာ အိပ်စက်သွားလောက်ပြီ။

ကောင်းသာ ကောင်းသာ

မအိပ်စက်နိုင်ဘဲ စန္ဒယားသံကို မျှော်လင့်နေမိတာ။

ကျွတ် ရှုပ်ပါတယ် ဒါတွေ မတွေးချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သွားသွား မခေါ်ကြနဲ့ဘယ်သူမှ ကောင်းကို အရေးမလုပ်ကြနဲ့။

ဒေါ်ပုစုးကြီးလည်း သနားသလို လာမကြည့်နဲ့။ ဘယ်သူမှလည်း လာမသနားကြနဲ့။ မသနားကြပါနဲ့။

ကောင်း ဟာ သေတဲ့အထိ သူများကိုအသနားခံလိုတဲ့ ကောင်မဟုတ်ဘူး။

"အောင်မလေး"

"ဒေါ်ပုစုး ဘာဖြစ်လို့လဲ"

မီးဖိုချောင်ဆီမှ အလန့်တကြားအော်သံကြောင့် ထမင်းစားခန်းထဲရှိ ဒေါ်လှဲ့ချိုရီက လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"အောင်မလေး မမရဲ့ အသေကောင်ကြီး"

"အသေကောင်ကြီး မဟုတ်ဘူး အစ်ကိုလေးခန့် သူ့သူ့ သူလေခြံထဲက အိမ်သာနားမှာ တောင့်တောင့်ကြီးရပ်နေတာ အစေလေ ကောင်ကြီးအတိုင်းပဲ"

ဤအိမ်ကြီးမှာ ရှေးအိမ်ပုံစံမျိုးဖြစ်ရာ အိမ်သာမှာခြံဝန်းထဲတွင်သာရှိသည့်အတွက် တပိုတပါးသွားချင်လျှင် နောက်ဖေးကိုဖြတ်ကာ ခြံဝန်းထဲအထိ ဆင်းရသည်။ဒေါ်ပုစုးရှိနေသော နောက်ဖေးခန်း နှင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာရှိသောနေရာမှာ နီးကပ်လွန်းသဖြင့် မြင်ကွင်းကို ပြတ်ပြတ်သားသား မြင်နိုင်သည်။

"ဒါပေမယ့် အဲဒါ အဲဒါကြီးကလေ ကိုလေးခန့် မဟုတ်ဘူးဆိုတာ ကျွန်မသိနေတယ်မမရဲ့ မျက်နှာကြီးက ကျက်သရေမရှိ လိုက်တာလေ ဖြူစုတ်စုတ်ကြီးနဲ့ အသက်ရှူပုံလည်းမရဘူး ပြီးတော့"

ဒေါ်ပုရှုးစကားမဆုံးမီမှာပင် ဒေါ်လှဲ့ချိုရီတစ်ယောက် ခန့်နိုင်အခန်းဆီသို့ ရုတ်ချည်းဆိုသလို ခြေလှမ်းဦးတည်လိုက်တော့သည်။ အခန်းထဲတွင်ခန့်နိုင်ကား ကုတင်ထက်တွင် ငြိမ်းချမ်းစွာ အိပ်ပျော် လျက်သား။

"တွေ့လားမမအဲဒါအစ်ကိုလေးမဟုတ်ဘူးအစ်ကိုလေးကအိမ်သာလာဖို့နေနေသာသာဒီကုတင်ပေါ်ကနေတောင်ထဖို့အင်အားမရှိဘူး အဲဒါသရဲပါပဲ အခုအစ်ကိုလေး ဝတ်ထားတဲ့ ညဝတ် အင်္ကျီအဖြူပဲ ဝတ်ထားတာ တော်ပြီ တော်ပြီ ဒီမှာ ကျွန်မမလုပ်ရဲတော့ဘူး အလုပ်ထွက်မယ် နေ့ာ် မမထွက်ပါရစေ အစ်မရယ် အဟီးဟီးဟီး"

ခြုံးပွဲချ ငိုကျွေးနေသော ဒေါ်ပုရှုးကိုကြည့်ကာ ဒေါ်လှဲ့ချိုရီက နှစ်သိမ့်သည့် အနေဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး ဒေါ်ပူစူးရယ် ခန့်နိုင်ကကျွန်မတို့ကို စနောက်တာလည်းဖြစ်နိုင်တယ်လေ"

ဒေါ်ပူစူး၏မျက်လုံးများပြူးကျယ်သွားပြီး....

"ဒါဆို မမလှဲ့က ထမင်းစားခန်းထဲမှာ ထိုင်နေတာလေ အစ်ကိုလေးသူ့အခန်းထဲကထွက်လာရင်မြင်ကိုမြင်ရမှာပေါ့ မြင်လို့လား ဟင်"

ဒေါ်လှဲ့ ချိုရီမဖြေနိုင်ချေ။ ဟုတ်ပါသည်။ အိမ်၏ဖွဲ့စည်းပုံအရ နောက်ဖေးသွားမည့်သူသည် မဖြစ်မနေထမင်းစားခန်းကိုဖြတ်သန်း သွားရမည်ဖြစ်သည်။

"အဲဒီသွေးဆုတ်မျက်နှာကြီးကလေ အော်လိုက်တာနဲ့ပျောက်သွားတာအရိပ်တောင်ရှာမတွေ့ဘူးဒါပေမယ့်ဟောဟော ဘာနဲ့ ကြီးတုန်း အဲဒီအနံ့ကြီးကျကျန်ခဲ့တယ် အောင်မလေး အဲဒါအာပုပ်နံ့ အလောင်းပုပ်နံ့ အောင်မလေး ကယ်ကြပါဦးတော်"

စိတ်ဂယောက်ဂယက်ဖြစ်သွားဟန်ရှိသော ဒေါ်ပူစူးမှာ ဗြောကား ယားလက်ကားယားဖြင့် ဒိုင်းဝန်ကွင်းအိမ်ကြီးပေါ်မှ ဆင်းပြေးသွားခဲ့လေ သည်။ ဒေါ်ပူစူးပျောက်ဆုံးသွားပြီးနောက် ဒေါ်လှဲ့ ချိုရီတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အတွေးဝင်္ကဘာထဲတွင် ဝဲလည်သွားသည်။ ဒေါ်ပူစူးပြောတာတွေက မှန်တော့မှန်ပါသည်။ သားခန့်က အိပ်ရာထဲကပင် ထနိုင်သူမဟုတ်။ သူ့လိုနှလုံးရောဂါသည်လေးက ခြံထဲမှ အိပ်ခန်းဆီ အလျှင်စလိုပြန်ဝင်ပြေးဖို့ လုံးဝမဖြစ်နိုင်။

"စ"နောက်ပြီးသည်နှင့် အခန်းသို့ အချိန်မီပြန်ရောက်ခဲ့သည်ထား အခုလို အေးအေးဆေးဆေးအိပ်ပျော်မနေသင့်။ အနည်းဆုံးရင်တွေတော့ ခုန်နေရမည်ပင်။ သာမန်လူတောင် ရင်တုန်နိုင်သည့် "စ"နောက်မှုမျိုးခရီး အကွာအဝေးမျိုး မဟုတ်ပါလား။ အခုတော့ ခန့်လေးက ကုတင်ပေါ်တွင် အေးဆေးနှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို သူတို့မျက်မြင် တွေ့ခဲ့ကြရသည်ပဲ။

ဘုရား ဘုရား ကောင်းပြောပြောနေသည့် ဤအိမ်ကြီး၏ ဒဏ္ဍာရီလို မိုးများ

သဘာဝလွန်ဖြစ်စဉ်မှန်း ဒေါ်လှဲ့ချိုရီ ရိပ်မိလိုက်ပါပြီ။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

"ဟဲ့ မိချို ဘာဖြစ်လဲ"

"ကိုလေးခန့် ဟင့်အင်း လူမိစ္ဆာကြီး မျက်တောင်နီကြီးနဲ့ ဟိုနားကကြည့်နေတယ်"

ပြောရင်း မိချို တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်ယင်နေလေသည်။အလုပ်ဝင်သည်မှာ နှစ်ရက်သာရှိသေးသည့်ကလေးမ၏ ဖွေးဖွေးဆုတ် နေသောမျက်နှာက ထိတ်လန့်ဖွယ်ရာနှင့် မုချကြုံဆုံလိုက်ရပြီမှန်း ဒေါ်လှဲ့ချိုရီသိလိုက်ပါပြီ။

"အန်တီလှဲ့ သမီး ဒီမှာမလုပ်ရဲတော့ဘူး တစ်မျိုးမထင်ပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီထုပ်အားသိမ်းဆည်းရင်း တောင်းပန်သလိုဆိုသော မိရိုးအား တားချော်ရမည်မဟုတ်မှန်းသိသဖြင့် ဒေါ်လွဲချိုရီတစ်ယောက် သက်ပြင်း သာ ခပ်ပြင်းပြင်း ချလိုက်တော့သည်။

ခုဆို ထွက်လိုက်ကြသော အိမ်အကူတွေကိုမနည်း…။

ပုံမှန်မဟုတ်သော သည်ဖြစ်ရပ်များကို ခင်ပွန်းသည်အား ပြောမှ ဖြစ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ တစ်ပိုင်းတစ်စသော ကြားဖူး ခဲ့သော ဤအိမ်ကြီး၏ ကိုယ်ပွားတစ္ဆေများလား။ ဒဏ္ဍာရီထဲက အဘိုးရဲ့ ကိုယ်ပွားများ ပြန်လည်လွတ် မြောက်လာပြီလား ။

ထို့ကြောင့် လည်း ပြောဖြစ်ခဲ့ပါသည်။ သို့သော် ။

"အဓိပ္ပါယ်မရှိတာတွေမပြောစမ်းပါနဲ့ လဲ့ရယ် အဲဒါတွေ က ကိုယ့်အဖေမသေခင်က စွဲလန်းခဲ့တဲ့ပုံပြင်တွေပါ ကိုယ်တို့ မော်လမြိုင် မှာက ရွှေမန်းကျည်းတောင့်တို့ သိုက်တို့ ဥစ္စာစောင့်ဆိုတာတွေက လူတိုင်း စိတ်ထဲ လွှမ်းမိုးနေတာ လဲ့လည်း အခုဖြစ်ရပ်ကို အဲဒီထဲက တစ်ခုအဖြစ် သမားရိုးကျ မှတ်ယူကြည့် ဘာမှမဟုတ်ဘူး ယုံတမ်းစကားတို့ ပုံပြင်တို့ ဆိုတဲ့ သဘာဝလွန်တွေကို ယုံချင်နေတဲ့စိတ် ဟုတ်ပလား"

ပါးစပ်က မကျေနပ်သလို တရစပ်ရွတ်နေသော ခင်ပွန်းသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ထပ်ပြော၍ ရမည်မဟုတ်မှန်း ဒေါ်လှဲ့ချိုရီ သိလိုက်သည်။ တစ်မှုန်း တော့ တစ်ကိုယ်တည်းကြားရုံ ရေရွတ်မိလိုက် သည်။

"သားခန့်တော့ သွားတော့မယ်ထင်ပါရဲ့ ဖေကြီးရယ်"

ဇနီးအား နှုတ်မှတတွတ်တွတ် ဆူနေရသော်လည်း ဦးခင်မောင် စိတ်ထဲတွင် မသက်မသာဖြစ်မိသည်တော့အမှန်။ သည်အကြောင်း တွေကိုမိသားစုအား သိစေခဲ့သည်မှာမှားလေပြီလား။ ထိုအရာကို မြင်ဖူး လိုက် စဉ်ကတည်းက မငြိမ်းချမ်းခဲ့ရသော ထိတ်လန့်ခြောက်ခြားခဲ့ရသော သူ့ငယ်စဉ်ဘဝလိုတော့ ဇနီးနှင့်သားများ၏ စိတ်ကို ဒဏ်မသင့် စေလို။

နောက်နေ့များတွင်လည်း

"အောင်မလေး ဖြူဖြူကောင်ကြီး"

"မြတ်စွာဘုရား သ သ သရဲ"

"အောင်မလေးတော့ မျက်ထောင့်နီတစ္ဆေကြီး"

တွေ့သည့်လူနှင့်တွေ့သည့် နေရာသာကွဲသော်လည်း မြင်ရ သည့်အရာကတော့ဆင်တူနေသည်။ အိမ်ကြီးတွင် အိမ်အကူများ ပြောင်း လဲသည်နှင့်အမျှ ထိတ်လန့်တကြားအော်သံများသည်လည်း အကြိမ်ရေ စိတ်လာတော့သည်။ ဖြူဆုပ်နေသော မျက်နှာရဲရဲနီသော မျက်ထောင့်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ထားသည့် ထိုအရာသည် အိမ်ကြီးထဲတွင် ရွေ့လျား သွားလာနေသည်ကို အများစုမြင်ကြရပြီးနောက် အိမ်ကြီးသည်လည်း သရဲခြောက်သည်ဟု နာမည်ကြီးလာလေသည်။ အခြောက်ခံရသူအများ စုမှာ ခန့်နိုင် အခန်းသို့ရုတ်ချည်း ပြေးဝင်ကြည့်ကြလျှင် ဖြူလျော့လျော့ နှုတ်ခမ်းတစ်စုံဖြင့် အမြဲလိုလို အသက်ငင်နေဟန် ပေါ်သော ခန့်နိုင် အား အိပ်ယာပေါ်တွင်တွေ့ကြရလေသည်။ ခန့်နိုင် သတိရှိသည့်အခါများတွင် တော့သူ့အခန်းထဲသို့ ကမူးရှူးထိုး ပြေးဝင်ကာ သူ့အား ပြူးကြောင်ငေး ကြည့်တတ်သည့်မျက်ဝန်းများကို နားမလည်သလိုကြည့်ရင်း ဘာဖြစ်တာ လဲဟုမေးတတ်သည်။ သို့သော် ဘယ်သူကမျှ ပြန်မဖြေခဲ့ကြပေ။ တစ်ဦး တစ်ယောက်ကလွဲလျှင်ပေါ့။ ။

"ကိုကိုညီ့ကိုချစ်လား"

ကောင်းသည် လက်ထဲတွင် အခွံနွှာနေသော ပန်းသီးကိုချရင်း ရုတ်တရက် ထူးထူးဆန်းဆန်းမေးခွန်းမေးလာသော အသစ်စက်စက် ညီကိုတအံ့တသြကြည့်လိုက်မိလေသည်။

ကောင်းတို့နှစ်ယောက်သည် ဖအေတူမအေကွဲ ညီအစ်ကိုတွေ ဆိုသော်ငြား မျက်နှာချင်းတွေပါဆင်တူပြီး ကိုယ်လုံးကိုယ်ထည်လည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကွာလှပေ။ တအူတုံ့ဆင်းညီအစ်ကိုတွေလိုပင်။

"ဒါမှမဟုတ်ညီ့ကိုမုန်းလား"

ဒုတိယမြောက် ညီ ဆီက မေးခွန်းကြားတော့မှ ကောင်းရယ်မော ရမှန်း သတိရသည်။

"ဟားဟား ညီရာ"

"ဘာလို့ရယ်တာလဲကိုကို"

ညီအစ်မချင်းတော့ မပြောတတ်ပေမယ့် ညီအစ်ကိုချင်းကျ ဒီလို မေးခွန်းမျိုးက အတော်နရာကျသည်ဟုထင်ပါသည်။ ခွက်ထိုးခွက်လန် ရယ်ပြီးကာမှ မျက်လုံးများ ကျဉ်းမြောင်းရီဝေကာ ကောင်းအဖြေအား ငံ့လင့်နေဟန်ပေါ်သည့် ခန့်အားကြည့်ရင်း အားနာသွားမိလေသည်။

"ညီကဒီမေးခွန်းကို အဖေတို့ အမေတို့ကို မေးသင့်တယ်"

"ဟားဟားဟား"

ဒီတခါတော့ ညီကရယ်မောခြင်းဖြစ်သည်။

"ဒီလိုညီရ ကိုကိုကအစထဲက တစ်ယောက်ထဲသမား ဆိုတော့"

"ကျွန်တော်လည်းအရင်က တစ်ယောက်ထဲသမားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော့်အနားမှာရှိလာမယ့် တစ်စုံတစ်ယောက်ကို အဲဒီမေးခွန်းအမြဲမေးနေခဲ့တာ မေးစရာလူမရှိလို့ မြိုသိပ်ခဲ့ရတယ် အခုတော့ မေးစရာလူရှိပြီလို့ ယုံကြည်လို့မေးတာ။ ဖေဖေတို့ကို မမေးဘဲ ကိုကို့ကိုမေးတာက ကိုကိုက ကျွန်တော်ယုံကြည်ရတဲ့လူဖြစ်လို့ပါ"

ကြည့်စမ်းမေမေတို့ကသာ ကောင်းကိုမယုံခဲ့တာသူက ခန့်ဆိုတဲ့ ကောင်ကခုမှတော်ရတဲ့သူစိမ်းက ကောင်းကိုယုံတယ်။ ကောင်းသည် ပထမတော့ အံ့ဩမိသွားသည်။ နောက်မှမျက်ရည်များ ဝေ့တက်သည် အထိ ဝမ်းနည်းသွားမိပြီး ခန့်အားလည်း ပိုချစ်သွားမိ လေသည်။

"ချစ်ပါတယ်ညီရာချစ်ပါတယ်"

"အဲဒီမေးခွန်းကို ညီအမြဲမေးနိုင်ဖို့ ညီ နားမှာ အမြဲရှိပေးပါ့မယ် ဟုတ်ပလား"

"အိုကေ ဒါဆိုကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် တစ်ယောက် နဲ့ တစ်ယောက်ယုံကြည်သွားပြီပေါ့နော်"

"အင်း"

ခန့်မျက်နှာဝယ် မာကျူရီမီးသီးတစ်လုံး လင်းလက်သွားသလို။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ထိုမိန်းသီးလေးက ဖြေးဖြေးချင်း မိန့်ဖျော့လာပြီး

"ကိုကို ညီ့ကို အမှန်အတိုင်းတစ်ခုတော့ပြောပြပါဗျာကိုကိုမှ မပြောရင် ကျွန်တော် ဘယ်သူ့ ယုံရတော့မလဲ ညီ့အခန်းထဲကို သူတို့ ဘာလို့ ပြေးပြေးဝင်ကြတာလဲဟင် ပြေးဝင်ပြီးရင်လည်း ပြူးကြောင် ကြောင်မျက်လုံးတွေနဲ့ ညီ့ကိုကြည့်ကြသေးတယ် အဲ့လိုကြည့်ပြီးတာနဲ့ လည်းချက်ချင်းကိုအသက်ထွက်သွားသလို လှည့်ပြေးကြသေးတာအဲ့ဒါ ဘာကြောင့်လဲဟင်အဟွတ် အဟွတ်"

ညီသည်ကောင်းနှင့်ခေတ္တစကားပြောရသည်ကိုပင် မောနေ ဟန်ရှိသည်။ ပြီးတော့ညီပုံစံက ဒီကိစ္စကို ယနေ့ မပြတ်ပြတ်အောင်မေး မည်ဟု စိတ်ပိုင်းဖြတ်ထားပုံပေါ်သည်။ ကောင်းသာ တင်းခံနေပါက သူပို ပင်ပန်းရပါလိမ့်မည်။

"ဟူး"

ကောင်းသည် သက်ပြင်းတစ်ချက်ကို ခပ်ဆဆ မှုတ်ထုတ်လိုက် သည်။ ပြီးမှ...

"ညီ ကိုကိုပြောဖူးတဲ့ဘိုးဘိုးရဲ့ပုံပြင်ကိုမှတ်မိလားဟင် တစ်ယောက်ယောက်ကသူ့ကိုယ်ပွားကိုမြင်ရင် ..."



www.burmeseclassic.com

www.burmeseclassic.com



ညီမျက်လုံးများသည် အဆမတန်ပြူးကျယ်သွားကြပြီး တဖန်ပြန်မှိုင်းညို့ဝေသီသွားပြန်သည်။ သွား သွားပြီ ကောင်းသူ့ကို ပြောလိုက်တာ မှားများသွားပလား

ညီသည် ဉာဏ်ကောင်းသော ကောင်လေးဖြစ်သည်။ကောင်းဘာကိုဆိုလိုသည်ကို သနားစဖွယ်ကောင်းလောက်အောင် ချက်ချင်းနားလည်လွယ်ရှာသည်။ ထို့နောက် ညီ မျက်လုံးများဆီမှ မျက်ရည်စီးချောင်းကပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာလေသည်။ ညီသည်ဆိတ်ငြိမ်စွာကြေကွဲနေသလိုပင်။ ဘာစကားမှ မပြော..ဘာအသံမှမထွက်။

"ကျွတ်ဒါကောင်းရဲ့ ၁က်အသုံးမကျမှုကြောင့် ဖြစ်ရတာ"

ကိုယ့်ပါးစပ်ကိုယ်ပိတ်ရိုက်ပစ်ချင်သော စိတ်ကိုမနည်းချုပ်ထိန်းခဲ့ရသည်။ ကောင်းဘဝတွင် အဲ့ဒီနေ့ အဲဒီအချိန်လေးကို တကယ့်ကိုကျော်ပစ်လိုက်ချင်ပါသည်။

အဘယ်ကြောင့်ဆိုသော်

ညီအခန်းမှ ကောင်းထွက်လာပြီး နာရီဝက်ခန့်အကြာတွင်

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးခန့်တစ္ဆေ ကိုလေးခန့်တစ္ဆေ ခြံစည်းရိုးနားမှာ တောင့် တောင့် ကြီး အောင်မလေး အပုပ်နံ့တွေတော့"

ငါးစတ္တန့်မျှအကြာ

"ဝုန်း ဝုန်း ဝုန်း"

"ခန့်အခန်းက အသံတွေထင်တယ်ကောင်းရေ သွား ကြည့် ပါဦး"

အိမ်ကြီးတစ်ခုလုံးမှာ ဆူညံသံများဖြင့် ဝရုန်းသုန်းကားဖြစ်သွား တော့သည်။ ကောင်းသည် အသံထွက်ပေါ်ရာ ခန့်အခန်းထဲသို့ ကပျာက ယာ ဝင်လိုက်သည်နှင့် ပြတင်းပေါက်ဘေးတွင် အဝတ်အိတ်ပျော့ ရှည်ရှည်တစ်လုံးကဲ့သို့ ခွေလဲကျနေသော ခန့်အားတွေ့လိုက်ရတော့ သည်။ "ဝုန်း" ဟူသောအသံသည်ခန့်၏အရုပ်ကြိုးပြတ်လဲကျသွားသံဖြစ် နိုင်သည်။ ပြတင်းပေါက်ကတဆင့် ခြံစည်းရိုးနားက မြင်ကွင်း၊ကိုများမြင် တွေ့သွားခဲ့လေသလား။

ခန့် နှလုံးတည်ရာကို နားဖြင့်ကပ်၍နားထောင်ကြည့်လိုက်ရာ အပ်ကျသံပင် မကြားအောင် တိတ်ဆိတ်သွားခဲ့ပြီဖြစ်သည်။ခန့်သည် သူ့ကိုယ်ပွားကို မြင်တွေ့ခဲ့ပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မေမေ ခန့်သေပြီဗျ"

ကောင်း၏အော်သံနက်ကြီးသည် ဒိုင်းဝန်ကွင်းတစ်အိမ်လုံးကို ဖုံးလွှမ်းသွားတော့သည်။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေရတော့မှာလား ။

မသေခင် . . .

နောက်ဆုံးစက္ကန့် . . .

ဘာလိုချင်သလဲ ၊

တစ်ယောက်ယောက်က မေးလာခဲ့မယ်ဆိုရင်

ရှုးရှုးဗုံးဗုံး ကွဲကွဲကြေကြေဖြေလိုက်စမ်းပါ

မေတ္တာလို့ . . . ။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ခန့်သေဆုံးပြီး ခုနစ် ရက်ပြည့်သည့်နေ့။

ကောင်းသည် လူခြေတိတ်ချိန်တွင် ခြံထဲသို့ဆင်း၍ တစ်စုံတစ်ရာများကို လျှို့ဝှက်စွာ မီးရှို့ဖျက်ဆီးလိုက်တော့သည်။

ထိုတစ်စုံတစ်ရာများမှာ အပုပ်နံ့ဖြစ်ပေါ်စေသည့် အရည်ပါဝင်သောပုလင်းတစ်လုံး အဖြူရောင်ဝတ်စုံတစ်စုံ မိတ်ကပ်ရည်တစ်ပုလင်း

"သွားပေတော့ ခန့်ရာ"

"မင်းအတွက် ငါဘယ်လောက်အပင်ပန်းခံခဲ့ရတယ်ဆိုတာ မင်းရောဒီအိမ်သားတွေရော ဘယ်တော့မှသိနိုင်တော့မယ် မထင်ပါဘူး မင်းတို့တွေမြင်ခဲ့ရတဲ့ မင်းကိုယ်ပွားက ငါပဲဆိုတာကိုမေမေတို့တွေ ဘယ်တော့မှ မသိဖို့မျှော်လင့်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည် ယခုမှပင် လွတ်လွတ်လပ်လပ်ပြုံးနိုင်ပြီဖြစ်သည်။ ဤအပြုံးကို ညစ်ကျယ်ကျယ်အပြုံးဟု ခေါင်းစဉ်တပ်ကြလေမည်လား။ ယခုတော့ ကောင်းတို့မိသားစုသည် ကောင်းလွမ်းဆွတ်ခဲ့ရသော အရင်အခြေအနေသို့ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ ကောင်းသည်မေ့ပေါင်ပေါ်တွင်ခေါင်းအုံးရင်း တီဗီကြည့်နေသလို ဖေနှင့်လည်း စန္ဒယားတီးရင်း ငြင်းခုံနေကြပြီ။ ပြီးတော့ အိပ်ခါနီးတွင် မေနှင့်အတူလဲလျောင်းရင်းတစ်နေ့တာ စားမြုံ့ပြန်ဖြစ်ကြသည်။

ဤအခြေအနေ ဤနွေးထွေးမှုလေးကိုလိုချင်ရုံသက်သက်လေးပါ။ ကောင်း တရားပါတယ်နော် ။ ညီ့အတွက်ကတော့ ကောင်းပေးလိုက်သောအရာသည် အကွာအဝေးတစ်ခုတော့ခြားနားပါလိမ့်မည်။ ပြီးတော့ ညီနှင့်ကောင်းကြားက ကတိ။

"ကောင်း သားရေ ညလည်းနက်ပြီ အိပ်တော့နော်"

"ဟုတ်ကဲ့မေကြီး"

မေမေက ကောင်းအခန်းမီးကို ပိတ်ကာထွက်သွားတော့သည်။ မေမေ ထွက်သွားပြီးမကြာခင်မှာပင် . . .

"ဒေါက်ဒေါက်ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"မေကြီးလား ဝင်ခဲ့လေ"

ပေါ့ပါးလွန်းသောခြေသံ။ ဆုံခဲ့ဖူးသောခြေသံ။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

သိလိုက်ပါပြီ။

ခန္ဓာကိုယ်တစ်ခုလုံးမှ သွေးကြောများမှာ နလုံးသားတည့်တည့်တွင် စုပေါင်းခုန်ဆောင့် နေကြသလို။

ပြတင်းပေါက်ဆီမှထိုးကျသော အလင်းရောင်တစ်စွန်းတစ်စဖြင့် ဝင်လာသူကို မမျှော်လင့်ရဲစွာ ကြည့်လိုက်ရာ။

ရင်ဘတ်သည် ဟာင်းလင်းပွင့်ထွက်သွားသလို ဖြန်းခနဲ့။

မျှော်လင့်ပြီးသားဖြစ်သော်ငြား ထိတ်လန့်မြဖြစ်ပါသည်။

သူ...ရောက်လာပြီ။

✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဖေဖေပြန်လာမည့်နေ့ဖြစ်သည်။

ကောင်းသည် မည်သူမျှမတက်ရဲသော အပေါ်ထပ်ရှိဘိုးဘိုး၏ ပက်လက်ကုလားထိုင်လေးတွင် ဂီတာကြိုးညှိရင်း ဖေဖေ့အလာကို အသည်းအသန် မျှော်နေမိသည်။

"ဒိုရေမီဖာဒိုရေမီဖာ"

"ရှုပ် ရှုပ် ရှုပ်"

ခြေသံတစ်ခုကို နီးနီးကပ်ကပ်ကြားလိုက်ရသလို..။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အေးစိမ့်စိမ့်ဖြစ်သွားပြီး တုန်လှုပ် ချောက်ချားစရာကောင်းလာမှန်း သိလိုက်သည်။ သို့သော် ခြေထောက် တွေက လှုပ်မရ လက်တွေကလည်း ကိုယ်နှင့် ကပ်ထားသလိုဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပါ ဖွင့်ဟာမရတော့ပေ။ အိပ်မက်မက် ၍ ဘီးလူးစီးနေသလိုပင်။ အလွန်ကြီးမား၍မမြင်ရသော တိမ်စိုင်တိမ်ခဲ တစ်ခုက ဂုတ်ပိုးပေါ်တွင် အဆမတန်စီးပိုးထားသလို ခံစားရ၏။ ပြီးတော့ ကောင်းလည်ပင်းကို ဖက်နွယ်လာသည့် ရေခဲတမျှ အေးစက်သော တွန့်လိမ်လိမ် လက်ချောင်း ရှည်ရှည်တွေ..။

စိတ်ကလေးက မခံနိုင်တော့ဘဲ အစွမ်းကုန်တွန်းလှန်ချင်လာ သဖြင့် ဖြေးဖြေးချင်းအားယူခေါင်းမော့ကာ ဖက်ကိုလှန်၍ ကြည့်လိုက် လျှင်...။

ကောင်းမျက်လုံးအစုံသည် မျက်သားဖြူများနှင့် ပြည့်ဝန်းနေ သော မျက်လုံးအိမ်တစ်လုံးနှင့် ဦးစွာဆုံဆည်းမိသွား၏။ သူကကောင်း ဂုတ်ပိုးပေါ်တွင် ကားယားထိုင်ကာ ငုံ့ကြည့်သဖြင့် သူ့မျက်လုံးများနှင့် ကောင်းမျက်လုံးများသည် လမ်းခုလတ်တွင်ပင် ပြောင်းပြန်ဆုံဆည်း မိကြသည်။ ထို့နောက် ထိုမျက်လုံးရော မျက်နှာရော လည်ဂုတ်ပေါ်မှ ခန္ဓာကိုယ်ဟု ထင်ရသည့်အရာပါ ကောင်းကိုယ်ပေါ်မှ တိမ်စိုင်တစ်ခုလို တရွေ့ရွေ့မျောဆင်းသွားကြပြီး ကောင်းရှေ့တည့်တည့်တွင် အခိုးအငွေ့ လိုလို ပေါင်းစည်းသွားကြလေသည်။ ထို့နောက် လူရိပ်တစ်ခုလိုလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

"ဟင် ဒါ ဒါ"

"ကောင်းကောင်းနောက်တစ်ယောက်"

ဒါပေမယ့် နှုတ်ခမ်းတွေက သွေးမရှိ

ခန္ဓာကိုယ်ကလည်း သွေးမရှိ

အဆိုးဆုံးက သူ့မျက်လုံးတွေ

တစ်ခုခုကို ဆွဲဖယ်နှုတ်ပစ်မလို အသင့်ပြင်ထားတဲ့ ရဲရဲနီမျက်လုံးတွေ။

ထိုအရိပ်သည် ကောင်းအား စူးစူးရဲရဲကြည့်ပြီး

"သွားကြရအောင်"

သူ..စကားပြောလိုက်သည်ဟုထင်မိသည်။သို့သော်နှုတ်ခမ်းတွေက မလှုပ်။

"သွားကြရအောင်"

ဟော..ထပ်ခေါ်နေပြန်ပြီ။

ကောင်းလိုက်သွားရမလားဟင်

ကောင်း လိုက်သွားချင်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလိုက်ပါမယ်

ကောင်းရေ ဖေဖေပြန်လာပြီဟေ့

ဖေ့ဖေ့အသံကြားလိုက်သည်နှင့် နံ့အိုင်ထဲတွင် နစ်သလို ရှုန်းမရ ကန်မရဖြစ်နေသော စိတ်သည်ပွင့်ထွက်သွားပြီး အောက်ထပ်သို့ ကဆုန်စိုင်း ပြေးဆင်းလာခဲ့တော့သည်။

အဲဒါပါပဲ

ဒါကတော့ကောင်းပြောပြချင်တဲ့ ကောင်းရဲ့ပုံပြင်ပေါ့။

ဟောသည် ကောင်းအိပ်ခန်းထမှာတော့ သူနှင့် ကောင်း၏ ဒုတိယအကြိမ်ဆုံဆည်းမှုဖြစ်သည်။

ဟုတ်သည်။သွားရမည်ပေါ့။

သူခေါ်လျှင် ဘယ်သူကများ ငြင်းနိုင်ခဲ့လို့လဲ။

ဒီလူတစ်ခေါက်မလာခင်စပ်ကြားတွင် ကောင်းဘာတွေလုပ်ခဲ့သည် ဆိုတာကို သူသိအောင်ပြောပြရဦးမည်။

"ညီရေ ကတိအတိုင်းပေါ့ လာခဲ့ပါပြီ"

ကောင်းစောင့်မျှော်နေသောအရာသည် ထင်သည်ထက်ပင် နောက်ကျနေသဖြင့် ပျော်ရွှင်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကြရအောင်"

ထိုသူက တဝိယအကြိမ်မြောက် ခေါ်နေပြန်ပါပြီ။

ကောင်းသူ့ကိုမကြောက်ပါ သူခေါ်သောအရပ်ကို လိုက်ရမှာကိုလည်းမကြောက်ပါ။ ကောင်းကြောက်တာကိုတော့ ဘယ်တော့မှဘယ်သူ့ကိုမှ ပြောပြဖြစ်တော့မယ်မထင်ပါဘူး။

ကောင်းသူ့နားသို့ ဖြေးဖြေးချင်း တိုးကပ်သွားလိုက်သည်။ ကောင်းနှာသီးဖျားလေးနှင့် သူ့နှာသီးဖျားတို့ ထိလုထိခင်တွင်ကောင်းပါးစပ်သည် အလိုအလျောက် ဖွင့်ဟသလိုဖြစ်လာပြီး အခိုးအငွေ့အချို့ထွက်လာလေသည်။ ထိုအခိုးအငွေ့အလုံးစုံကို သူကရှိုက်သွင်းလိုက်လျှင်ကောင်းခန္ဓာကိုယ်တစ်ခုလုံးမှ ခြေ လက် အသည်း နှလုံး ကျောက်ကပ်စသောအစိတ်အပိုင်းများသည် တစ်ခုချင်းတစ်ခုချင်း ပြုတ်တောက်ဆွဲနှုတ်ပစ်လိုက်သကဲ့သို့ ဖြစ်ကာတရားလွန် နာကျင်လာတော့သည်။ "အားမေကြီးရယ်နာလိုက်တာ" ပြီး သူ့ညာဘက် ရင်အုံအရေပြားစကိုဖြိုကနဲမြည်အောင် ဆွဲခွါလှန်ပစ်လိုက်ပြီးကောင်းကိုယ်ပေါ်သို့တစ်ရစ်ချင်းတစ်ပတ်ချင်း ခြုံလွှမ်းပေးလိုက်တော့သည်။

အေးစက်စွာ နက်ရှိုင်းစွာ မဲမှောင်လွန်းစွာ



www.burmeseclassic.com

www.burmeseclassic.com



"သား သွားတော့မယ်နော် မေကြီး"

"သားပျော်ခဲ့ပါတယ် မစွတာအန်းရှောကြီးရယ်"

✢ ✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



# မမကျွန်တော့်ကို သတ်တယ်

–ကြယ်ရီလင်းစစ်

Story IV

www.burmeseclassic.com

www.burmeseclassic.com



# Story 4

## မမကျွန်တော့်ကိုသတ်တယ်

ကျွန်တော် မငိုဘူး မငိုဘူး

မမကို ချစ်လို့

ကျွန်တော် မမကို ချစ်တယ်

တကယ့်ကို ချစ်ခဲ့တာပါ

ဒါပေမယ့် မမက ကျွန်တော့်ကို ကျွန်တော့်ကို

ဒီစာကို မမရချိန်မှာ ကျွန်တော်ရှိနိုင်တော့မယ်မထင်ပါဘူး။ အဲဒီလိုပြောလိုက်လို့ မမရဲ့နီရဲရွှန်းစိုတဲ့ နှုတ်ခမ်းလေးနဲ့တော့ "အို" ခနဲ့ အာမေဋိတ်မပြုလိုက်ပါနဲ့နော်။ ကျွန်တော်ဆိုတဲ့ ကောင်က မမရဲ့အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှုသံမျှင်းမျှင်းလေးကြားရင်တောင် ရောက်ရာအရပ်က လှည့်ပြန်လာနိုင်လို့ပါ။

ထားပါ ဒီစကားတွေ မမ မကြားချင်ဘူး

ကျွန်တော်သိတယ်

ဒါပေမယ့် သိတတ်စအရွယ်ကတည်းက ကျွန်တော့်ဘေးမှာ မမ ရှိခဲ့ပြီး ကောင်းကင်တစ်ခုလို သိမ်မွေ့စွာ အုပ်မိုးကြင်နာပေးခဲ့တဲ့ ကျေးဇူးရှင်ကို ဒီစကားတွေ မပြောဘဲနဲ့ ဘယ်လိုများ ထွက်သွား ရပ့်မလဲ။ မမဟာ ကျွန်တော် ခန္ဓာကိုယ် မမဟာကျွန်တော့်နှလုံးသား မမဟာကျွန်တော့် ဥယျာဉ်မှူး။

ဒါနဲ့များတောင် ကျွန်တော်တို့ဘယ်လို ဘယ်လိုများဖြစ်လို့

အို မမရယ် မမ မကြားချင်မှန်းသိလျက်နဲ့ ဒါတွေပြောမိပြန်ပြီ။ ဒါပေမယ့် ထွက်သွားရတော့မယ့် လူတစ်ယောက်ရဲ့နောက်ဆုံးစကားတွေအဖြစ် သည်းခံပေးသွားပါဦးဗျာ ။

ကျွန်တော့်နှလုံးသားတွေ တကယ့်ကို တုန်ရီအက်ကွဲ ကြေမွနေရပြီပဲ။

ဒီနှလုံးသားတွေက စတင်ရှင်သန်မယ် ဆိုကတည်းက မမတင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အရွေ့မှာပဲ ပူနွေးတုန်ရီတတ်တာမျိုးပါ။

ဒီနှလုံးသားရဲ့စေ့ဆော်မှုကြောင့် ကျွန်တော်ဟာ မမ ကြိုက်တဲ့ အရာမှန်သမျှကို ရူးသွပ်စွာ ရင်ခုန်မြတ်နိုးသူ ဖြစ်လို့လာခဲ့တယ်။

မမကြိုက်တဲ့ နှင်းဆီ ကျွန်တော်ကြိုက်တယ်။

မမကြိုက်တဲ့ ရေမွှေး ကျွန်တော် ဆွတ်တယ်။

မမကြိုက်တဲ့အရောင် ကျွန်တော်ဆင်တယ်။

ကုန်ကုန်ဗျာ ဆံပင်ရှည်ပျော့နွဲ့နွဲ့တွေကို မမသဘောကျမှန်း သိလို့ကျွန်တော့်ဆံပင်တွေကိုပါ ခါးလယ်အထိ အရှည်ထားခဲ့တယ်။

အို မမရေ ဒီကောင်က အဲဒီလောက်တောင်ပါ။

မမကလေ ကျွန်တော့်ဆံပင်ရှည်တွေကို ဖွဖွလေးကိုင်ရင်း ကျွန်တော့်မျက်နှာကို ချစ်စရာကလေး လေးတစ်ယောက်ကို ငေးကြည့် သလိုစိတ်လွတ်လက်လွတ် ငေးကြည့်တတ်တယ်။ ပြီးတော့ ဒီကောင် အရမ်းမိုက်လာတာပဲ ဆိုပြီး ဖြတ်ခနဲ့ ငုံ့ငုံ့နမ်းတတ်တယ်။ မမကြောင့် ကျွန်တော့်ရင်ခုန်သံတွေ ကပိုကရိုဖြစ်ခဲ့ရတာ အကြိမ်ပေါင်းမနည်း တော့ဘူး။ အဲဒီ ကပိုကရိုခံစားမှုဟာမှန်ထဲက ကိုယ့်အရိပ်ကို ကိုယ်ပြန်နမ်း မိသလိုကို တိကျသေချာနေတော့လည်း ကျွန်တော်ဟာ မမနဲ့ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



တသားတည်း ကျမှာပဲလို့ ရိုးရိုးစွာ ယုံကြည်ခဲ့ပါတယ်။

ဒါပေမယ့် အဲဒီယုံကြည်မှုကို ပျက်ယွင်းသွားစေမယ့်နေ့ကိုလည်း ကျွန်တော်မှတ်မိသေးတယ်။

အဲဒီနေ့က ကျွန်တော်ရဲ့ ၁၈နှစ်ပြည့် မွေးနေ့

မမက ကျွန်တော့်ကို မွေးနေ့လက်ဆောင်အဖြစ် နှုတ်ခမ်းနီ တစ်တောင့်နဲ့ ထဘီတစ်ထည် လက်ဆောင်ပေးခဲ့တဲ့နေ့။

ရယ်ရတယ်နော်။

ဘာသဘောလဲ မမရယ်။

အဲဒီသဘောကို စောကြောရင်းနဲ့ပဲ ကျွန်တော်ဟာ မမရဲ့မျက်နှာ ဖုံးအောက်က အနက်ရောင်တစ်စွန်းတစ်စကို အမှတ်မထင် တွေ့လာခဲ့ရ တယ်။

မမဟာ ယောကျ်ားတွေကို မုန်းတယ်။

သမီးဖြစ်သူကို တပါးသူတွေရဲ့လက်ညှိုးထိုးစရာအဖြစ် အထီး ကျန်ရှင်သန်ခိုင်းသွားတဲ့ ဖောက်ပြန်တဲ့ မမအဖေကိုလည်း မမ မုန်းတယ်။

မမဘဝမှာ အမျိုးသားဆိုတာဟာ မုန်းစရာ။

ယောကျ်ားဆိုတာဟာ ရွံရှာစရာ သတ္တဝါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့များတောင် ကျွန်တော့်ကို မမပျိုးထောင်ခဲ့သေးတယ်နော်။ မမရဲ့အဘိဓာန်မှာယောက်ျား=အဆိပ်ဖြစ်ပါလျက်နဲ့ ကျွန်တော့်ကိုဘာလို့ ရေလောင်းပေါင်းသင်ပေးခဲ့တာလဲ။ ပြီးတော့ ချစ်တယ်လို့ပြောပြီးမုန်း ရောင်ပြေးနေတဲ့ မမ မျက်ဝန်းတွေ။

အဲဒီမှာ ကျွန်တော်သိလိုက်တယ်။

ကျွန်တော်ဟာ မမရဲ့လက်စားချေမှု။ မမရဲ့ပစ်ကွင်း။

အိုဗျာ မမ သတ်စားဖို့မွေးထားတဲ့ တိရစ္ဆာန်တစ်ကောင်

ဟား ဟား ဟား မမသိအောင်တစ်ခုလောက်တော့ ပြောလိုက် ချင်တယ်။

ကျွန်တော်ဟာ ယောက်ျား ယောက်ျားပါဗျ မိန်းမတစ်ယောက် ရဲ့မှာယာကွန်ယက်ကရုန်းမထွက်နိုင်လောက်အောင်တော့ မတုံးအသေး ဘူး။

ဒါကြောင့်လည်း ကောင်မလေးကို ရွေးချယ်ဖြစ်ခဲ့တယ်။

ကောင်မလေးက မမလို နတ်သက်ကြွေတဲ့ ကဗျာတစ်ပုဒ်တော့ မဟုတ်ပါဘူး။ မြေပြင်မှာ "ခ" နေတဲ့ စံပယ်ရိုင်းလေးပါ။ အဲဒီစံပယ်ရိုင်း လေးကပဲ ကျွန်တော်ကိုပြန်လည် ကြည့်ရှုန်းစေခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့ မပြောနဲ့

မမ ပြောမှာ ကျွန်တော်သိတယ်

မင်းဟာ တခြားယောကျ်ားတွေလိုပါပဲ

သစ္စာဖောက်တတ်တယ် သာယာတတ်တယ်

ယုတ်မာတယ် အောက်တန်းကျတယ်

အဲဒီလိုမှတ်လား

ဟုတ်တယ် ကျွန်တော်ဟာ သာယာတတ်တယ် ဒါပေမယ့် ရိုးသားမှု တစ်ခုတည်းမှာပဲ တိမ်းညွတ်ခဲ့တဲ့ကောင်ပါ ဘာလို့လဲ သိလား၊

မမက ဝှက်ဖဲတစ်ချပ်လိုလျှို့ဝှက်သိပ်သည်း မာယာများချိန်မှာ ကောင်မလေးကတော့ ဖွင့်ထားတဲ့ ပြတင်းပေါက် တစ်ချပ်လိုပဲ ဗိုးယို ပေါက် အေးမြနိုင်လွန်းတယ်။

ဒါပေမယ့် ဖူးစာမပါဘူးဆိုရမလား။ ကျွန်တော်တို့ရဲ့ ချစ်ခြင်း၊ တရား ကမ်းပါးစားသွားတယ်။

မမ ဝမ်းသာသွားလား ဝမ်းသာမှာပါ

သည်လိုဖြစ်အောင်လည်း မမပဲ လုပ်ခဲ့တာမဟုတ်လား၊..။

အေးလေ မမ အသည်းနှလုံးမရှိတာ အစုမှ ကျွန်တော် သိတာပ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။

ကျွန်တော်တို့ကို ခွဲပြီးတော့ မမကျေနပ်သွားမယ် ထင်ခဲ့တာ။

တကယ်တမ်းကျ မမရဲ့ပြဇာတ်က အခုမှ စတာနော်။

လေးစားပါတယ် မမ လေးစားပါတယ်။

✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှေ့မှာတော့ မမဟာ ပျောက်ကွယ်သွားတဲ့မောင်လေးကိုပဲ အပူတပြင်းလိုက်ရှာနေသလိုလို။ ချစ်ရတဲ့မောင်လေးကိုပဲ ရှာမတွေ့လို့ မပင်္ဂါမြေလူး ရင်ကွဲနာပဲ ကျနေသလိုလို။ နှင်းဆီမေက သူ့မောင်လေးကို တအားချစ်တာ ..။ ကောင်လေးပျောက်သွားတော့ သူ့ခုဗျာ ဗုန်းဗုန်းလဲပဲဆိုတဲ့ စကားမျိုးတွေကို မမကြားချင်ခဲ့တာမဟုတ်လား။

သွား သွားစမ်းပါ

ဘယ်သူမှ အမှန်တရားကို မသိနိုင်ခဲ့ပါဘူး

မမရဲ့အလွန်လှပသော နှင်းဆီဖူးရောင်မျက်နှာလေးအောက်က အင်မတန် ဆိုးညစ်တဲ့အမှန်တရားကို ဘယ်သူမှ မသိနိုင်ခဲ့ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးလွန်းတဲ့အမှန်တရားကတော့ဟောဒီတိုက်ကြီးရဲ့မြေတိုက်ခန်းထဲမှာ လျှို့ဝှက်စွာ လဲလျောင်းနေတယ်လေ။ အကြီးမားဆုံး ရာဇဝတ်မှုကို ဘယ်သူမှမသိအောင် မျက်နှာလှလှလေးနဲ့ ကျွမ်းကျွမ်းကျင်ကျင် လှည့်စားနိုင်ခဲ့တာ မမရဲ့မှော်ပါပဲ။

လမ်းပေါ်ကတွေ့ရာလူကိုလက်မောင်းလိုက်ဆွဲရင်း "မောင်လေး ပျောက်သွားလို့ တွေ့ရင်ပြောပါနော်" လို့ သနားစဖွယ် ပြောတတ်တာ မမရဲ့ အရှုးကွက်နင်းတဲ့ စတိုင်ပေါ့။

ကျွန်တော်မငိုဘူး  မငိုဘူး  မမကိုချစ်လို့

ဒါတင်ပဲလား  ဟင့်အင်း

တချို့အချိန်ဆို နံငယ်ပိုင်းသာ ကျွန်တော့တဲ့ ခန္ဓာကိုယ်ပေါ်က ဒဏ်ရာဗလပွကိုကြည့်ရင်း မမ တသိမ့်သိမ့်ရယ်တယ်။

"မင်း ဒီလိုဘဝနဲ့မနေသင့်ဘူး မဟုတ်လား တကယ်ဆို မင်းကယောကျ်ားပဲမိန်းမတစ်ယောက်ရဲ့အနှိပ်စက်ခံအဖြစ် တစ်သက်လုံး နေသွားတော့ မလို့လား "

လို့မေးတတ်သေးတယ်

ကျွန်တော်သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မမ ကျွန်တော့်ကို သေစေချင်တယ်ဆိုတာ

မမဖြစ်စေချင်တဲ့အရာ ဖြစ်ရအောင် ကျွန်တော့်ကို ဖိအားပေးနိုင်းနေတယ်ဆိုတာ အာရုံတွေမသဲကွဲတာတောင် ကျွန်တော်သေသေချာချာ သိနေပါသေးတယ်။

တခါတလေတော့ ဘဝမှာ အခါခါထုထောင်းခံရလို့ နာကျင်ဟန်စွက်နေတဲ့မျက်နှာနဲ့...။

"ငါက မင်းနဲ့မခွဲနိုင်ပဲ မောင်လေးရယ် ငါတစ်ယောက်ထဲမှမနေနိုင်ပဲ တောက် ဒီလိုကောင်မမျိုးက ငါ့နေရာဝင်ယူသွားတာ ငါတော့လုံးဝနားမလည်နိုင်ဘူး မင်းလူဖြစ်ငါ့အတွက်ဆိုတာသတ်မှတ်ပြီးသားပဲလေ"

ဒီစကားကိုတော့ စီးကရက်တစ်လိပ် ခပ်ဖွာဖွာရှူရှိုက်ရင်း မှေးစင်းစင်းမျက်လုံးတွေနဲ့ ကြက်သီးထစဖွယ် ကြည့်လို့ မမဆိုတယ်။

"မင်းရဲ့ဒီမျက်လုံး ဒီနှုတ်ခမ်းတွေကို ဘယ်သူ့မှမပေးနိုင်ဘူး"

"မင်းအကြည့် မင်းအသံ မင်းဟန်ကို ဘယ်သူ့ကိုမှခံစားခွင့်မပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

မမတစ်ယောက် သွေးပျက်သွားပြီလား

မမအတ္တကြီးတယ်။ မမ ရူးသွပ်တယ်

ဒီစကားကို စိတ်ထဲကပဲ ကျွန်တော် ပြန်ပက်နိုင်ခဲ့တာပါ

ဒါပေမယ့် အဲဒီအချိန်မှာပဲ ကျွန်တော့်အတွက် လွတ်မြောက်မှု အလင်းရောင် တောက်ပလာခဲ့တယ်။

ဒီတစ်ခါတော့ ယောကျ်ားတစ်ယောက်ကို မမ ထပ်မံနှိပ်စက်နိုင်တော့မှာ မဟုတ်ပါဘူး။

ဘာလို့လဲဆိုတော့ မမရဲ့ထောင်ချောက်ကို တစ်စုံတစ်ဦးက ရိပ်မိသိရှိသွားပြီး သတင်းပို့နိုင်ခဲ့လို့ပေါ့။

မကြာခင်မှာပဲ

ဒီမြေအောက်ခန်းကို သူတို့ရောက်လာကြတော့မှာ

ဒါကပဲ ကျွန်တော်တို့ နှစ်ယောက်အတွက် မျှတတဲ့ အဆုံးသတ် ဖြစ်မယ်ထင်တယ်။

ဒါကပဲ ကျွန်တော်ရဲ့တစ်ခုတည်းသော လက်စားချေမှု ဖြစ်မယ် ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မမရေ

ကျွတ် မမနဲ့ ပတ်သက်ရင် အမြဲသုံးရတဲ့ ဒါပေမယ့် ဆိုတဲ့

အဲဒီစကားလုံးကို ကျွန်တော်မုန်းတယ်

ခုလည်း လာပြန်ပြီ ဒါပေမယ့်

ရှေ့ကစကားတွေ အကုန်လုံးကို ကပြောင်းကပြန် လုပ်ပစ်တဲ့

တန်ဖိုး ဖျက်ပစ်တဲ့ ဒါပေမယ့်

ဟုတ်တယ်

ဒါပေမယ့် ကျွန်တော် ဘာလို့ မပျော်တာလဲဟင်

တကယ်ဆို ကျွန်တော်ပျော်လိုက်သင့်တာ

သေချာတယ်

မမဟာ ကျွန်တော့် နှလုံးသားထောင့်မှာ လှောင်လှောင်ပြောင်ပြောင် တည်ရှိနေဦးမှာပဲ။

ကျွန်တော်ဟာ မမကို ဘယ်တော့မှ မုန်းလို့ရမယ် မထင်ပါဘူး

ဒီလိုပဲ မမကလည်း ကျွန်တော့်ကို အမြဲလို ချစ်နေမှာပါပဲ

ကျွန်တော်တို့ နှစ်ယောက်ကိုလည်း ဘယ်တော့မှ ဘယ်သူမှခွဲလို့ရမယ် မထင်ပါဘူး မင်းကဘာလို့ အဲဒီလောက်သေချာနေသလဲလို့ မမမေးခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



စတော့မမရယ်

မသိချင်ဟန်များ ဆောင်နေတာလားဟင်

ကျွန်တော်ဟာ မမ မမဟာ ကျွန်တော်ပဲလေ

မမနဲ့ ကျွန်တော်ဟာ တစ်သွေးတည်း တစ်သားတည်းတစ်ယောက်ထဲရယ်ပါ။

တကယ်တော့ မမရယ်

မမဟာလေ ရေထဲက ကိုယ့်အရိပ်ကိုကိုယ်ပြန်လည်စွဲလန်းမိတဲ့ အထီးကျန် နာဆီးဆပ် ( Narsissus ) လိုပါပဲ။

ဒါဆို မြေအောက်ခန်းထဲက သံကြိုးသံကွင်းအထပ်ထပ် သွေးအလိမ်းလိမ်းနဲ့ လူစဉ်မမှီသတ္တဝါသာသာ ကောင်လေးကဘယ်သူလဲဟင်။

စီးကရက်တွေ ရှူရှိုက်ရင်း မမ ရွှန်းရွှန်းစားစားကြည့်ခဲ့တဲ့ မမရဲ့ ချစ်ရည်လူးခြင်းကိုခံရတဲ့ အဲဒီကောင်လေးက ဘယ်သူလဲဟင်။ မမ ဖန်ဆင်းထားတဲ့ ကျွန်တော်အတုများလား။

သေချာတာတော့ ကျွန်တော်မဟုတ်ဘူးဆိုတာပဲ။

ကျွန်တော်ဆိုတဲ့ကောင်က မမရဲ့စိတ်ကူးထဲကနေ ထွက်လာလို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မှ မဟုတ်ပဲလေ။

ဒါကို ချစ်ရတဲ့ မမရော သိရဲ့လားဟင်

တကယ်တော့ မမရေ

မမဟာလေ ရေကြည်ကြည်ထဲမှာ ပွင့်ဖူးနေတဲ့ ကြာပန်းလေး လိုပါပဲ။

ရေပြင်မှာ ထင်ဟပ်တဲ့ ကိုယ့်အရိပ်ကိုကိုယ် ပြန်လည်စောင့်တ ရင်းစွဲလန်းရှုးသွပ်ရရှာတဲ့ သနားစရာ ပန်းရိုင်းလေးတစ်ပွင့်မျှပါ။

စာဖတ်ပရိတ်သတ်များအတွက်

အမြဲတမ်းကြိုးစားနေမည့်

**ကြယ်ရီလင်းစစ်**



www.burmeseclassic.com

www.burmeseclassic.com


စာရေးဆရာမ ကြယ်ရီလင်းစစ်၏ ပေဖော်ဝါရီလတွင်

ဆက်လက်ထွက်ရှိမည့် လုံးချင်းဝတ္ထု

# အိပ်မက်မက်တမ်း



ကြယ်ရီလင်းစစ်

Professionalpublishinghouse
No.167, groundfloor, 48upper
street, botataung, township.
☎ 01 8[illegible]10164, 09 73127877


www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်မက်တင်း

- အိပ်မက်ဆိုတာကို လူတိုင်း မက်ဖူးကြမှာပါ။
- အိပ်မက်ဆိုတာတွေထဲက အိပ်မက်မက်တမ်းဆိုတာရော ကြားဖူးကြပါ သလား . . .
- အိပ်မက်မက်ရင်းနဲ့ ဝိမ်းကားဖူးကြပါသလား . . .
- အိပ်မက်မက်ရင်း ကမ္ဘာသစ်တစ်ခုကိုသာ ရှာတွေ့မည်ဆိုပါလျှင် . . .
- ဘဝတစ်ခုကို အိပ်မက်ထဲမှာ ရှာတွေ့မည်ဆိုပါလျှင် . . .
- သင် . . . ဒီစာအုပ်ကို ဖတ်ကြည့်လိုက်ပါ
- အိပ်မက်မက်တမ်း ကားကြဲရင်းဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမ ကြယ်ဂီလင်းစစ်၏ မတ်လတွင်

ဆက်လက်ထွက်ရှိမည့် လုံးချင်းဝတ္ထု

# ဗိဧလာ်ဆို ဗိပုံပြင်ည

ကြယ်ဂီလင်းစစ်

professionalpublishinghouse
No.167,groundfloor, 48upper
street,botataung,township.
☎ 01 8610164 , 09 73122877

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကြိုက် ပုံပြင်များ

- မိန်းမတစ်ယောက်ဟာ သူမ မကြာမီသေရတော့မည်ဆိုလျှင် . . .
- သူမရဲ့နောက်ဆုံး အချိန်တွေကို ဘာလုပ်မယ်လို့ သင်ထင်ပါသလဲ
- သူမရဲ့ သေမင်းတမန်တော်က ပုံပြင်တွေပြောရင်း
- ရှင်သန်လွတ်မြောက်ဖို့ အခွင့်အရေးတစ်ခုပေးခဲ့ပါတယ်
- သင်ဆိုရင်ရော ပုံပြင်တွေပြောရုံနဲ့ အသက်ရှင်သန်ဖို့
- ဘယ်လို ပုံပြင်မျိုး ပြောချင်ပါသလဲ
- ဘယ်လိုပုံပြင်မျိုး ပြောဖို့စဉ်းစားထားပါသလဲ
- တွေးပါ၊ စဉ်းစားပါ . . .
- ပုံပြင်တွေပြောရင်း အသက်ချမ်းသာခွင့်ရသွားသော . . .
- မိန်းမတစ်ယောက်၏ ပုံပြင်ဆန်ဆန် အချစ်ဇာတ်လမ်း . . .

www.burmeseclassic.com